# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇွန် ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ လိုက်ပါ၍ Baikal ရေကန်အား ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Baikal ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖



**ယနေ့ ဖတ် စ ရာ**

**ကျောင်းတက်ခေါင်းလောင်းသံနှင့်အတူ ရှန်းထကြရမည့် နေ့သစ်များ** — ဆောင်းပါး — စာ ၈

**သစ်တောသစ်ပင် ကမ္ဘာမြေကို အလှဆင်** — ဆောင်းပါး — စာ ၁၀

**အီရန်နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းလေပိုင်နက်ကို နိုင်ငံတကာ လေကြောင်းလိုင်းပျံသန်းမှုများအတွက် ပြန်ဖွင့်ပေး** — နိုင်ငံတကာသတင်း — စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ


**နေပြည်တော်  ဇွန် ၂၉**

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား လေဆိပ်တွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နေပြည်တော်တပ်မတော်လေဆိပ်၌ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov က ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါခရီးစဉ်များအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ – အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union-EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ ရောက်ရှိချိန်တွင်လည်း စက်ရုံ၊ အလုပ်ရုံများသို့သွားရောက်လေ့လာခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ စသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တို့အကြားတွင် တည်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် အနက်ဆုံးရေကန်တစ်ခုဖြစ်ပြီး အနက် ၁,၆၄၂ မီတာ (၅,၃၈၇ ပေ)ရှိကြောင်း၊ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်းသန်း ၃၀ ခန့်ကတည်းက တည်ရှိခဲ့သည့် ရှေးအကျဆုံး ရေချိုရေကန်တစ်ခုလည်းဖြစ်ကြောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့ပြီး ရှားပါးသော အပင်မျိုးစိတ် ၁,၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂,၅၀၀ ခန့်ရှိသည့် ရေကန်တစ်ခုဖြစ်ကြောင်း၊ လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏အလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရေကန်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသို့ရောက်ရှိရာ စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**သိရှိလိုသည်များ မေးမြန်းဆွေးနွေး**

ဆက်လက်၍ စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများက Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံတကာနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

အဆိုပါ Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသည် ၁၉၃၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော စက်ရုံတစ်ရုံဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ကမ္ဘာလုံးဆိုင်ရာ မီးရထားဆက်စပ်ပစ္စည်းများပြုပြင်ခြင်းနှင့် အပိုပစ္စည်းများထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Zheldorremmash ကုမ္ပဏီ၏ လက်အောက်ခံစက်ရုံတစ်ရုံဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မီးရထားစက်ခေါင်းပြုပြင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းဟူ၍ ၃ ပိုင်းခွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါစက်ရုံမှ ပြုပြင်မွမ်းမံရေးဆိုင်ရာ နည်းပညာအသစ်များအား အဆင့်မြှင့်တင်ခြင်း၊ မီးရထားစက်ခေါင်းများ၏ ပျမ်းမျှမောင်းနှင်နိုင်မှုကို ပြုပြင်မွမ်းမံခြင်း၊ အာမခံဝန်ဆောင်မှုပေးခြင်းနှင့် မီးရထားစက်ခေါင်းများ သက်တမ်းတိုးခြင်းနှင့် မီးရထားစက်ခေါင်း အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus ၊ ATV ၊ Tivicom တို့အပါအဝင် ဒေသခံမီဒီယာများကလည်း လာရောက်သတင်းရယူခဲ့ကြသည်။

*စာမျက်နှာ ၅ သို့*

❑ **UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့ပြီး ရှားပါးသော အပင်မျိုးစိတ် ၁,၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂,၅၀၀ ခန့်ရှိသည့် ရေကန်တစ်ခုဖြစ်၊ လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏အလှတရားနှင့် ထူးခြားသော အမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရေကန်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Baikal ရေကန်အား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့သည် Buryatia ပြည်နယ်မှ Arigus ၊ ATV ၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများပေါ် ပြန်လည်ဖြေကြားချက်

**မေး။** ။ မကြာမီနှစ်အတွင်းမှာ ရုရှား-မြန်မာ ပူးပေါင်းဆက်ဆံရေး လုပ်ငန်းတွေဟာ အများကြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအခန်းကဏ္ဍတွေရော၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ထားတာ ရှိပါတယ်။ ဒီအထဲမှာ Buryatia နဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်နေတာတွေရှိပါတယ်။ အနာဂတ်မှာ Buryatia နဲ့ ပတ်သက်ပြီးတော့ Buryatia နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဘယ်လိုအပိုင်းတွေကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး ။** ။ အခု ဒီနေ့ကျွန်တော်လာကြည့်တဲ့ မီးရထားစက်ရုံ လုပ်ငန်းအပါအဝင် စောစောပိုင်းက လေယာဉ်စက်ရုံလည်း ကျွန်တော်သွားကြည့်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ဖို့အတွက် အလားအလာရှိတဲ့နေရာတွေဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် Buryatia မှာလည်း ဒီပြည်နယ်က ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ပြည်နယ်သူ ပြည်နယ်သားတွေရှိတယ်။ မြန်မာနိုင်ငံကလည်း ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အခါကျတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေက အလားအလာတွေလည်းရှိတယ်။ နောက် ကျန်းမာရေးနဲ့ပတ်သက်တာတွေရှိတယ်။ နောက် ဝန်ကြီးချုပ် ကမ်းလှမ်းထားတဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်တဲ့ ကမ်းလှမ်းချက်လည်းရှိတယ်။ ပညာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့ ရှိပါလိမ့်မယ်။ နောက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေလည်း ဆွေးလည်းဆွေးနွေးပြီး ဆောင်ရွက်သွားဖို့ ရှိပါလိမ့်မယ်။ နယ်ပယ်တော့ အများကြီးရှိတယ်။ လုပ်စရာနယ်ပယ်တွေ အများကြီးရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**မေး။** ။ အခုလက်ရှိ Buryatia ကို လာရောက်တဲ့အတွက် အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ Buryatia နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုးမြင်ပါသလဲ။ Buryatia ရဲ့ အလှအပတွေ၊ Buryatia ရဲ့ သန့်ရှင်းမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုး မြင်ပါသလဲ။



**ဗိုလ်ချုပ်မှူးကြီး ။** ။ အင်မတန် စိတ်ချမ်းသာရပါတယ် လာရတာ။ သာယာလှပတဲ့ ဒေသတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ရင်းနှီးတဲ့ ပတ်ဝန်းကျင်တစ်ခုကို ကျွန်တော်လာရတယ်လို့ ခံစားရပါတယ်။ ကျွန်တော် သုံးကြိမ်ရှိပြီလာတာ။ ကိုယ့်ဒေသကိုလာရသလို ကျွန်တော်ရင်းနှီးတဲ့စိတ်ရှိပါတယ်။ နောက်ထပ်လည်း လာနိုင်ဖို့ ကျွန်တော်ကြိုးစားဦးမယ်လို့ ပြောလိုပါတယ်။

**မေး။** ။ Buryatia ပြည်နယ်အကြီးအကဲအနေနဲ့ ယခုကဲ့သို့ မြန်မာနိုင်ငံကနေ နိုင်ငံတော်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုပတ်သက်ပြီး မည်သို့ခံစားရပါသလဲ။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ။** ။ မြန်မာနိုင်ငံ ကနေ သုံးကြိမ်လာတယ်ဆိုတော့ ကျွန်တော်အရမ်းကို ဂုဏ်ယူဝမ်းမြောက်မှုဖြစ်ပါတယ်။ သုံးကြိမ်လာတယ်ဆိုတာက ကျွန်တော်တို့ပြည်နယ်ကို ဘယ်လောက်အထိချစ်တယ်ဆိုတာကို ပြယုဂ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်နဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေလည်း အများကြီးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ မကြာမီနှစ်အတွင်းက ကျွန်တော်တို့ Rapid Bio ဆေးဝါးကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဆေးဝါးနည်းပညာနဲ့ပတ်သက်ပြီး ပစ္စည်းတင်သွင်းဖို့အတွက် Register တွေ လုပ်နေတာလည်းရှိပါတယ်။ ကျွန်တော်တို့ Ulan-Ude က ထုတ်ထားတဲ့၊ ရဟတ်ယာဉ်စက်ရုံကနေပြီးတော့ ထုတ်ထားတဲ့ ရဟတ်ယာဉ်တွေကလည်း မြန်မာနိုင်ငံမှာ အခုဆို နှစ်အကြာကြီးအထိ အသုံးပြုနေတာတွေ ရှိပါတယ်။ လက်ရှိအချိန်မှာလည်း အသုံးပြုနေသလို အနာဂတ်မှာလည်း ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ အများကြီးလုပ်ဖို့အတွက် စီစဉ်ထားတာရှိပါတယ်။ ဒီနေ့မှာဆိုရင်လည်း TMH Holding ကုမ္ပဏီက နေပြီးတော့ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သူတို့ လုပ်ဆောင်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြသွားတာရှိပါတယ်။ လာမယ့် အနာဂတ်မှာလည်း မြန်မာနိုင်ငံနဲ့ပူးပေါင်းပြီးတော့ ဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဆွေးနွေးဖို့အတွက် စီစဉ်ထားတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ ပညာရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ မြန်မာနိုင်ငံကနေပြီးတော့ ရုရှားဘာသာစကားပညာသင်ကြားတဲ့ ဆရာတွေအနေနဲ့ ထပ်ဆင့်သင်တန်းတွေပေးဖို့၊ အဆင့်မြင့်သင်တန်းတွေပေးဖို့အတွက်ကို Buryatia မှာ သင်ပေးနိုင်သလို၊ ကျွန်တော်တို့ Buryatia မှာရှိတဲ့ တက္ကသိုလ်မှာလည်း မြန်မာဘာသာစကားကို သင်ကြားဖို့အတွက် မြန်မာဘာသာစကားဌာနဖွင့်ဖို့အထိလည်း ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံကလာတဲ့ အထူးဧည့်သည်တော်တွေကို ရေကန်ကို လိုက်လံပြသပေးပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာကလည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံကို Delegation သွားရောက်ခဲ့တာရှိပါတယ်။ သွားရောက်ခဲ့တဲ့ အချိန်မှာလည်း မြန်မာနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ကို လှိုက်လှဲစွာ ကြိုဆိုခဲ့တာတွေလည်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေပြောကြားလိုတာကတော့ မြန်မာနိုင်ငံက သာယာလှပတဲ့ အလှတရားတွေ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တင်မကဘဲနဲ့ Delegation အဖွဲ့ဝင်အားလုံးက ခံစားခဲ့ရတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်နိုင်ငံ အပြန်အလှန် ကျွန်တော်တို့ Tourism အခန်းကဏ္ဍကို မြှင့်တင်ဖို့အတွက်လည်း ကျွန်တော်တို့ လျာထားစီစဉ်ထားတာရှိပါတယ်။

**ဗိုလ်ချုပ်မှူးကြီး ။** ။ ခင်ဗျားတို့ မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံမှာ လာပြီး လေ့လာဖို့အတွက် ကျွန်တော်ဖိတ်ပါတယ်။ မြန်မာပြည်ရဲ့ အခြေအနေတွေအားလုံးကို ခင်ဗျားတို့ ပြည်နယ်အကြီးအကဲကတော့ အကြမ်းဖျင်းရှင်းပြတာပေါ့။ ခင်ဗျားတို့လာတဲ့အခါကျရင် ဒီထက်ပိုပြီး ထိတွေ့မှုခံစားမှုပိုပြီး ကောင်းပါလိမ့်မယ်။ ကျွန်တော်မကြာခင်မှာ ခင်ဗျားတို့မျက်နှာလေးတွေ မြန်မာနိုင်ငံမှာ တွေ့ရမယ်လို့ ယုံကြည်ပါတယ်။

*စာမျက်နှာ ၄ မှ*

စက်ရုံအတွင်းလေ့လာမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲတို့သည် အဆိုပါမီဒီယာမှ သိရှိလိုသည့် မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံအကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၄ ကော်လံ ၅ တွင် ဖော်ပြပါရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဇနီးနှင့် Buryatia ပြည်နယ် **အကြီးအကဲ၏ ဇနီး** အစား Buryatia ပြည်နယ် **ဒုတိယအကြီးအကဲ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အား ပြတိုက်တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Buryatia ပြည်နယ် Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Leo Bardamov ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ် ဒုတိယအကြီးအကဲ Ms. Evgenia Yurievna Ludupova နှင့် Leo Bardamov ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် Leo Bardamov ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြတိုက်တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**အနုပညာလက်ရာများလေ့လာနိုင်**

အဆိုပါ Leo Bardamov ပြတိုက်သည် အူလန်အူဒယ်မြို့တွင် တည်ရှိပြီး ရှေးခေတ်ဆိုဗီယက်လူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းကြောင်းများနှင့် စာပေများကို လေ့လာနိုင်သည့်အပြင် ဗုဒ္ဓသာသာနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဆင်းတုတော်များနှင့် ၂၀ ရာစုနှစ် အနုပညာရှင်တို့ ၏ လက်ရာများကို လေ့လာခံစားနိုင်ကြောင်း၊ နေ့စဉ် နံနက် ၁၁ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပြီး ပြတိုက်အတွင်း၌ စာပေယဉ်ကျေးမှု၊ ပန်းချီများ၊ အသုံးအဆောင်များစသည့် အနုပညာလက်ရာ အမျိုးအစားပေါင်း ၅၀၀၀ ကျော် ပြသထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၂၉**

ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၇ ရက် ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် ဆေးတက္ကသိုလ် (တောင်ကြီး) Final Part–2 (5/2024FC) အသင်းနှင့် Final Part–2(5/2025 FC) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Final Part – 2(5/2024FC) အသင်းက အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီး Cheer Leader ပြိုင်ပွဲတွင် Cheer Leadering Award နှစ်သိမ့်ဆုရရှိသောအသင်း၊ Cheer Leadering Award 3rd runner up၊ 2nd runner up ၊ 1st runner up၊ The Best Cheer Leadering Team ဆုရရှိသောအသင်း၊ နေရာလိုက်အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများ၊ နှစ်သိမ့်ဆုရရှိသည့်အသင်း၊ တတိယဆုရရှိသည့်အသင်း၊ ဒုတိယဆုရရှိသည့်အသင်းနှင့် ပထမဆုရရှိသည့်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ချန်ပီယံဆုဖလားတို့ကို ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ သစ်ပင်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ၏ သယံဇာတသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော သစ်ပင်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းရှိ ဒီပဆောင်၌ စိန်ပန်းပင်၊ ပိတောက်ပင်၊ အာဆီယံသပြေပင်နှင့် ပျဉ်းမပင် အစရှိသည့် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီခင်က အမှာစကားပြောကြားသည်။ ယင်းနောက် သယံဇာတသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ (SEANRC) ဥက္ကဋ္ဌ ဒေါ်ရူပါက “မေတ္တာတရားတွေရှင်သန်ဖို့ စိမ်းလန်းခြင်းကို ဦးတည်စို့” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့ ကြိုးစားဆောင်ရွက်နေပြီး EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့ အခြားအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့လည်း မြန်မာနိုင်ငံကိုကြိုဆိုလက်ခံ

**ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် ( EEF 2025 ) တက်ရောက်ခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်**

**မေး။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပ-အာရှ (EEF) စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့တယ်။ ဒီတက်ရောက်ခဲ့တဲ့ ဖိုရမ်ကနေပြီးတော့ ဘယ်လိုအောင်မြင်မှုတွေ၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ ။ ပထမဦးဆုံးတော့ EAEU နဲ့ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းလေး ပြောပြချင်ပါတယ်။ EAEU ဆိုတာ ဥရောပ-အာရှစီးပွားရေးသမဂ္ဂဆိုတာ ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာဖြစ်တယ်။ စတင်ထူထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နံပါတ်တစ်ကတော့ ပါဝင်တဲ့အဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့၊ နောက်တစ်ခုကတော့ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ စတင်ပြီးတော့ ထူထောင်ခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ၂၀၂၂ ခုနှစ်ကနေစပြီးတော့ EAEU နဲ့ ဆက်သွယ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ (EAEU)ရဲ့ (EEC) အဖွဲ့ပေါ့။ (EEC)ဆိုတာ ဥရောပ-အာရှ စီးပွားရေးအဖွဲ့ပေါ့။ အဲဒီအဖွဲ့က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ရောက်ရှိခဲ့တယ်။ ရောက်ရှိခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ပြီးတော့ ကဏ္ဍပေါင်းစုံမှာ မြှင့်တင်နိုင်ရေး၊ ကဏ္ဍပေါင်းစုံဆက်ဆံမှု မြှင့်တင်နိုင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာ ပိုပြီးတော့ အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် EAEU အဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကို ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU နားလည်မှုစာချွန်လွှာချုပ်ဆိုနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာပဲ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်မှာ ဒီစာချုပ်ကို ကျွန်တော်တို့ ချုပ်ဆိုနိုင်ခဲ့တာပါ။ ချုပ်ဆိုနိုင်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်မှာ EAEU က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုလာခဲ့တယ်။ လာတဲ့အချိန်မှာ ဒီ MoU ကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် MoU ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့တယ်။ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ နောက်တစ်ကြိမ် အစည်းအဝေးကိုတော့ ရုရှားမှာ ကျွန်တော်တို့ ကျင်းပခဲ့တယ်။ EAEU ရဲ့ခုနကပြောတဲ့ မူလရည်ရွယ်ချက်ကို ပြောပြခဲ့ပြီးဖြစ်တယ်။ EAEU အနေနဲ့က သူ့ရဲ့ အခြေခံပဋိညာဉ်မှာ ဘာပါလဲဆိုတော့ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာ တည်တံ့မှု နယ်မြေခိုင်မြဲမှုကို အလေးထားဖို့ နံပါတ်နှစ်အချက်ကတော့ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားဖို့ ဆိုတာပါပါတယ်။ ဒါဟာ နိုင်ငံတိုင်းအတွက် လိုအပ်တဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့အခြေအနေအရ စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ ကျန်တဲ့ အရေးအရာတွေပဲဖြစ်ဖြစ် သူတို့လိုရင်လိုသလို ပုံဖော်နေတယ်။ မလိုရင်မလိုသလို ပုံဖော်နေတဲ့ဟာတွေ ပိတ်ဆို့နေတဲ့ဟာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က EAEU နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအင်အားကို ရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ EAEU ရဲ့နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF)၊ အခုဆိုရင် (၄)ကြိမ်မြောက်ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်မှာလည်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းပြောကြားခဲ့တဲ့နေရာမှာလည်း ကျွန်တော်ပြောကြားခဲ့တဲ့ အချက်အလက်တွေအပြင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားခဲ့တာကို အားလုံးတွေ့နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်မှုလည်း အောင်မြင်နိုင်လိမ့်မယ်လို့မြင်ပါတယ်။ EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့ အခြားအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့လည်း မြန်မာနိုင်ငံကို ကြိုဆိုလက်ခံတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။




**မေး။ ။ ခရီးစဉ်အတွင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ကိုလည်း သွားရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီခရီးစဉ်ကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေကို ရရှိခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ ။ Buryatia ပြည်နယ် အကြီးအကဲက ကျွန်တော်တို့မြန်မာနိုင်ငံကိုလည်း လာခဲ့ဖူးပါတယ်။ သတင်းထောက်ကြီးတို့လည်း တွေ့မှာပဲဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်မှာ Buryatia ပြည်နယ်အထိမ်းအမှတ်အနေနဲ့ မီးပုံးပျံလွှတ်တင်ခဲ့တာရှိပါတယ်။ ထူးခြားတာက Buryatia ပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး၊ ဘာသာရေးနဲ့ပတ်သ က်ပြီး ဆက်ဆံမှု၊ ဆက်သွယ်မှုတွေအများကြီးရှိခဲ့ပါတယ်။ ဒ့ါအပြင် အဲဒီမှာရှိနေတဲ့ ဗုဒ္ဓဘာသာညီလာခံဖိုရမ်တစ်ခုလုပ်ဖို့လည်း ဆောင်ရွက်နေတာတွေရှိတယ်။ မြန်မာနိုင်ငံက ဆရာတော်ဘုရားကြီးတွေလည်း သူတို့ဆီကို ကြွနေတာရှိတယ်။ နောက်တစ်ခုက ရဟတ်ယာဉ်နဲ့ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တွေ၊ သူတို့နဲ့ပူးပေါင်းလုပ်ဆောင်ဖို့ ဆောင်ရွက်နေတာရှိတယ်။ ဒ့ါအပြင် Ulan-Ude မြို့မှာ ရထားပို့ဆောင်ရေးနဲ့ပတ်သက်ပြီး စက်ရုံတွေရှိတယ်။ အဲဒီစက်ရုံတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ခရီးသွားမြှင့်တင်ဖို့ ကျွန်တော်တို့သွားရောက်လေ့လာခဲ့တယ်။ ဒီနေ့မှာဆို Ulan-Ude မြို့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ Buryatia ပြည်နယ်အကြီးအကဲတို့က ရထားစက်ရုံကို လေ့လာပြီးတဲ့နောက်ပိုင်းမှာ သူတို့မီဒီယာတွေကလည်း တော်တော်စိတ်ဝင်စားကြတယ်။ သူတို့ဆီက ပင်မမီဒီယာရုစ်ခုကလာပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်းမေးတယ်။ Buryatia ပြည်နယ်အကြီးအကဲကိုလည်းမေးတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီကနေ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မေး။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ရုရှားနိုင်ငံသို့သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံကကျင့်သုံးနေတဲ့ နိုင်ငံခြားမူဝါဒက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်တယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာဆိုရင် နိုင်ငံအားလုံးကို မိတ်ဆွေအဖြစ် မိတ်ဝတ်မပျက် ဆက်ဆံမှာဖြစ်တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က နိုင်ငံအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ကိုပိုပြီးအကျိုးပြုမယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ပြည်သူလူထုရဲ့လူမှုအကျိုးစီးပွားအတွက် လက်တွေ့အကျိုးစီးပွားဖြစ်နိုင်တဲ့ နိုင်ငံတွေနဲ့ ဦးစားပေးပြီးဆက်ဆံသွားရမှာဖြစ်ပါတယ်။ ဒီခရီးစဉ်မှာလည်း မြန်မာပြည်သူလူထု၊ မြန်မာနိုင်ငံ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ လမ်းစကောင်းတွေကို ရရှိခဲ့တယ်လို့ ကျွန်တော်မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

**ရမည်းသင်း ဇွန် ၂၉**

ရမည်းသင်းခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ရမည်းသင်းမြို့နယ် ကျီးနီကန်၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်များမှ သန္ဓေတပ်ဖွဲ့ဝင်များနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။



အခမ်းအနားသို့ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လုံ/ကြမ်းတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ ၃၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေကျင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရွှေကျင် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီကာလတွင် တရုတ္တာန်း-ညောင်ဝိုင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေတောင်ဦးစေတီတော် ပရိဝုဏ်အတွင်းရှိ ငါးထပ်ကြီးဘုရားအနီး၌ သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာဟိဏ်းနှင့် အဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းတို့က သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာသူများထံ ပျိုးပင်များပေးအပ်ပြီးစုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ ရွှေကျင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အမြင့်နှစ်ပေနှင့် အထက်ရှိ မန်ကျည်းရှား ၈၀၀၊ ကျွန်း ၁၀၀ နှင့် မဟော်ဂနီ ၁၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ကျောင်းတက်ခေါင်းလောင်းသံနှင့်အတူ ရှန်းထကြရမည့် နေ့သစ်များ

သွန်းဆက်

မိုးဦးလေဦးနဲ့ ယှဉ်တွဲလို့ အနယ်နယ်အရပ်ရပ်က စာသင်ကျောင်းတွေ ဖွင့်ကြပြီ။ အခြေခံပညာကျောင်းသား ကျောင်းသူတွေ စာသင်နှစ်သစ်နဲ့အတူ အတန်းသစ်ကို စတင်လှေလာဆည်းပူးနေကြတာ အခုဆိုရင် တစ်လနီးပါး ရှိပါတော့မယ်။ စာသင်ကျောင်းဆိုတာ "စာကိုလည်းသင်၊ စိတ်ကိုလည်းပြင်" ဆိုသလို အသိပညာဆည်းပူးရာသာမက ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာတရား၊ ဘာသာတရားနဲ့ အခြားအခြားသော လူမှုစံနှုန်းတွေကို လူငယ်တွေသိရှိအောင် သင်ကြားပြသပေးတဲ့နေရာ တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေရဲ့ တာဝန်က အလွန်ကြီးမားပြီး ကျောင်းသား ကျောင်းသူတွေ ပညာတတ်ရုံသာမက ကျန်းမာကြံ့ခိုင်ဖို့၊ ဗဟုသုတကြွယ်ဝဖို့၊ စည်းကမ်းလိုက်နာတတ်ဖို့၊ နိုင်ငံကြီးသားပီသဖို့စတဲ့ အသိပညာတွေကိုလည်း ဖြည့်ဆည်းပေးကြရပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေ လမ်းမှားမရောက်ရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပဲ့ပြင်ဆုံးမပေးကြရသလို ကလေးတွေ လုံခြုံစိတ်ချစွာနဲ့ ပညာသင်ကြားဖို့ ကျောင်းတက်ချိန်ကာလတစ်လျှောက် တာဝန်ယူထားကြရသူတွေ ဖြစ်ပါတယ်။

စာရေးသူတို့ရပ်ရွာမှာ ကျောင်းသားအရွယ် ကလေးငယ်တွေ အဖြူအစိမ်းကျောင်းဝတ်စုံလေးတွေနဲ့ ကျောင်းသွားကြတဲ့မြင်ကွင်းကို မြင်ရတိုင်း ကြည်နူးပီတိဖြစ်ရသလို မငြိမ်းချမ်းတဲ့ဒေသက ကလေးတွေအကြောင်း တွေးမိရင်း ရင်နာမိပါတယ်။ စစ်ပွဲတွေကြား ပြိုလဲပျက်စီးနေတဲ့ စာသင်ကျောင်းတွေ၊ ကျောင်းဝတ်စုံနဲ့ နှစ်အတန်ကြာ ဝေးကွာနေတဲ့ ကျောင်းသားကျောင်းသူတွေ၊ ကိုယ့်တာဝန် ကိုယ့်ဝါသနာကို ရွေးချယ်ဖို့ မဝံ့ရဲ၊ မြေဖြူတောင့်ကို လွှတ်ချပြီး ပဋိပက္ခတွေကြား ယူနီဖောင်းကို ဖွက်ကာထားရတဲ့ ကျောင်းဆရာ ဆရာမတွေ၊ စာသင်ကျောင်းတွေနဲ့ ဘဝခြားသွားတဲ့ လမ်းမှားရောက်သွားကြတဲ့ ကလေးသူငယ်တွေ…စသည်ဖြင့် အတွေးက မရပ်တန့်နိုင်တော့။

> " ဒီနှစ်မှာလည်း ယမန်နှစ်တွေလို ကလေးတွေကို ကျောင်းအပ်နှံတဲ့အခါ သင်ရိုးညွှန်းတမ်းစာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ စာရေးကိရိယာတွေ အခမဲ့ ထုတ်ပေးတာကို မြင်တွေ့ရပြီး KG နဲ့ မူလတန်း ကျောင်းသား ကျောင်းသူတွေကို ကျောင်းဝတ်စုံတွေလည်း အခမဲ့ပေးအပ်ခဲ့တာကို မြင်တွေ့ရပါတယ်။ ဒါ့အပြင် ကျောင်းစာသင်ခန်းတွေ စနစ်တကျသက်သောင့်သက်သာရှိဖို့၊ ကျောင်းတွင်း သာယာလှပဖို့နဲ့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ကြဖို့ တာဝန်ရှိသူတွေက အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ကြားသိရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း အခြေခံပညာကျောင်းတွေမှာ ဆက်လက်ပြီး ကျောင်းအပ်လက်ခံပေးလျက်ရှိပါတယ် "

## မိဘအများစုက ကလေးတွေကို စာသင်ခန်းဆီပို့ရမယ့် အသိအမြင်တွေရှိလာ

တစ်ချိန်က အတိတ်နေ့ရက်တွေကိုလည်း မြင်ယောင်မိတယ်။ ကချင်ပြည်နယ် မြောက်ဖျားပိုင်းက ကျေးရွာတစ်ခုဖြစ်တဲ့ မိမိမွေးရပ်မြေမှာ မူလတန်းပြီးဆုံးအောင် သင်ကြားနိုင်တဲ့သူ အတော်လေးနည်းပါးဖူးခဲ့ပါတယ်။ အများစုသော ဒေသခံတွေဟာ ခြေကျင်ခရီး တစ်နာရီလောက်လမ်းလျှောက်ရတဲ့ရွာမှာ မူလတန်းပြီးဆုံးအောင် သင်ကြရတယ်။ တောင်ပေါ်ဒေသမို့ အခုလို မိုးတွင်းဆိုရင် သွားရခက်ခဲလွန်းလို့ ငွေကြေးတတ်နိုင်သူနဲ့ ဇွဲရှိသူ အနည်းငယ်ကသာ မူလတန်းပြီးဆုံးခဲ့ရတယ်။ အလယ်တန်းနဲ့အထက်တန်း သင်ကြားဖို့အတွက် မြို့ပေါ်ကို ကျောင်းအိပ်ကျောင်းစားသွားနေကြရတယ်။ အဲဒီလို ကလေးမျိုးကလည်း အတော်ကို ရှားပါးခဲ့တာ။ ဒါက လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒေသအများစုမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပညာသင်ယူမှုအခက်အခဲတွေပေါ့။ ဒါပေမယ့် နောက်ပိုင်းမှာ အစိုးရအဆက်ဆက်က ပညာရေးကဏ္ဍကို မြှင့်တင်ပေးခဲ့လို့ မိဘအများစုကလည်း ကလေးတွေကို စာသင်ခန်းဆီပို့ကြရမယ့် အသိအမြင်တွေ ရှိလာခဲ့ကြတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ မြို့ကြီးပြကြီးကနေ ကျေးလက်အထိ စာသင်ကျောင်းတွေလည်း များပြားလာခဲ့သလို ကျောင်းဆရာ ဆရာမတွေလည်း အတော်များများ မွေးထုတ်ပေးနိုင်ခဲ့လို့ "ပညာရေးဝေးသည်မရှိ" ဆိုတဲ့ စကားသံတို့ လှိုင်လှိုင်ထွက်ပေါ်ပေမယ့် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲနောက်ပိုင်းမှာတော့ ပညာရေးဟာ မငြိမ်းချမ်းတဲ့ဒေသမှာ နှင်းရိုင်းသင့်ပန်းသဖွယ် ညှိုးလျှင့်ပ်လျှိုးနေရတာကို မချိတင်ကဲ ဖြစ်မိပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့ ဒေါက်တိုင်ဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို မသမာသူအဖျက်သမားတွေက ပြိုလဲပျက်စီးစေဖို့ အကြိမ်ကြိမ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါတယ်။ စာသင်ခန်းမှာရှိနေရမယ့် ကျောင်းသား ကျောင်းသူတွေကို ကျောင်းမတက်ကြဖို့ စည်းရုံးတယ်၊ ဆရာ ဆရာမတွေကို စာမသင်ကြဖို့၊ ဆရာဝန်၊ သူနာပြုစတဲ့ကျန်းမာရေးဝန်ထမ်းတွေလည်း ဆေးရုံတွေမှာ တာဝန်မထမ်းဆောင်ဖို့စတဲ့ အဖျက်မျိုးစုံရဲ့ မာရ်နတ်ရဲ့ အပေါင်းအပါတွေလို အမြော်အမြင်နည်းပါးစွာ ပြုမူခဲ့ကြခြင်းရဲ့ နောက်ဆက်တွဲ အကျိုး ရလဒ်တွေကို ပြည်သူက ခါးစည်းခံနေကြရတာပါ။

> တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့ ဒေါက်တိုင်ဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို မသမာသူအဖျက်သမားတွေက ပြိုလဲပျက်စီးစေဖို့ အကြိမ်ကြိမ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါတယ်။ စာသင်ခန်းမှာရှိနေရမယ့် ကျောင်းသား ကျောင်းသူတွေကို ကျောင်းမတက်ကြဖို့ စည်းရုံးတယ်၊ ဆရာ ဆရာမတွေကို စာမသင်ကြဖို့၊ ဆရာဝန်၊ သူနာပြုစတဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း ဆေးရုံတွေမှာ တာဝန်မထမ်းဆောင်ဖို့ စတဲ့အဖျက်မျိုးစုံရဲ့ မာရ်နတ်ရဲ့အပေါင်းအပါတွေလို အမြော်အမြင်နည်းပါးစွာ ပြုမူခဲ့ကြခြင်းရဲ့ နောက်ဆက်တွဲ အကျိုးရလဒ်တွေကို ပြည်သူက ခါးစည်းခံနေကြရတာပါ

ကိုဗစ်ကပ်ရောဂါကြောင့် စာသင်ခန်းတွေ တစ်နှစ်ပိတ်ပြီးခဲ့ချိန် ကျောင်းတွေပြန် အဖွင့်မှာ "ကျောင်းမတက်နဲ့ကျောင်းထွက်" ဆိုတဲ့ အသိဉာဏ်မဲ့သွေးထိုးမှုနောက် လိုက်ပါစီးမျောရင်း ဘဝတိုးတက်လမ်းတွေ ပိတ်ဆို့ခဲ့ရတဲ့ကျောင်းသား ကျောင်းသူတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကြောင့် ကျောင်းနားခဲ့ရတဲ့ကလေးတွေ၊ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုတွေကြောင့် အသက်ပေးလိုက်ရတဲ့ ဆရာကြီး ဆရာမကြီးတွေ စသည်ဖြင့် တိုင်းပြည်ရဲ့ ဆုံးရှုံးမှုက အလွန်ကိုကြီးမားလှပါတယ်။ တစ်ချိန်က ကျောင်းမတက်ဖို့ မြောက်ထိုးပင့်ကော်ပြောဆိုနေကြသူ တိုင်းပြည်သစ္စာဖောက်အချို့ နိုင်ငံပြင်ပမှာ သားသမီးမြေးမြစ်တွေကို စာသင်ကျောင်းဆီပျော်ပျော်ကြီး လိုက်ပို့နေချိန် ပြည်တွင်းနေရာအချို့မှာတော့ သူတို့ရဲ့ ယုတ်မာပက်စက်တဲ့ လုပ်ရပ်တွေကြောင့် ကလေးတွေအတွက် စာသင်ကျောင်းတွေမရှိကြတော့ပါဘူး။

## ပညာသင်ယူခြင်းဆိုတာ လူသားတိုင်းရဲ့ အခြေခံလူ့အခွင့်အရေးဖြစ်

နိုင်ငံတစ်နိုင်ငံမှာ ပညာသင်ကြားရေးကဏ္ဍအားနည်းယိမ်းယိုင်ခဲ့မယ်ဆိုရင် နောင်မျိုးဆက်သုံး၊ လေးဆက်အထိ ပြန်လည်နာလန်ထူဖို့ခက်ခဲနိုင်တယ်လို့ ပညာရေးသုတေသီတွေက ဆိုထားခဲ့ပါတယ်။ ပညာသင်ယူခြင်းဆိုတာ လူသားတိုင်းရဲ့ အခြေခံ လူ့အခွင့်အရေးဖြစ်သလို နိုင်ငံအတွက်တင်သာမက လူ့ဘောင်လောကကြီးတစ်ခုလုံး သာယာဝပြောဖို့အတွက် အရေးကြီးဆုံးအရာတစ်ခုလည်းဖြစ်ပါတယ်။

ဒါပေမယ့် ယနေ့အချိန်အထိ အသိတရားမရတဲ့ တိုင်းပြည်သစ္စာဖောက် အကြမ်းဖက်သမားတွေက ကျောင်းဆရာ ဆရာမတွေကို ဖမ်းဆီးညှင်းပန်းသတ်ဖြတ်တဲ့အထိ အသိဉာဏ်မဲ့စွာ လုပ်ဆောင်နေပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ပညာအလင်း ဉာဏ်မျက်စိဖွင့်ပေးနေတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာကိုသာ ကိုင်ဆောင်ထားတဲ့ ဆရာ ဆရာမတွေကို လက်နက်ကိုင်အကြမ်းဖက်သမားတွေက စစ်ရေးပစ်မှတ်လို သဘောထားပြီး လူမဆန်စွာနဲ့ ဖမ်းဆီးသတ်ဖြတ်မှုတွေကို ကြားသိရတာ စိတ်နှလုံးကြေကွဲဖွယ်ရာလည်း ဖြစ်ပါတယ်။ အခုလို ဆရာ ဆရာမတွေကို သတ်ဖြတ်တာ၊ ကျောင်းတွေ မဖွင့်ရဲအောင် အကျပ်ကိုင်ခြိမ်းခြောက်တာ၊ ကျောင်းသားလူငယ်တွေကို ကျောင်းမတက်ဖို့ ခြိမ်းခြောက်တာတွေနဲ့ ကျောင်းတွေပတ်ဝန်းကျင်မှာ မိုင်းခွဲ၊ ဗုံးထောင်စတဲ့ ဖြစ်ရပ်မှန်တွေကို နိုင်ငံတော်က သတင်းတွေထုတ်ပြန်ပေးနေပေမယ့် လူ့အခွင့်အရေးလို့ တွင်တွင်အော်နေတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကလည်း ရေငုံနှုတ်ပိတ်နေရက်ကြတာ မြင်ရတော့ အတော်လေးအံ့အားသင့်စရာပါ။

မိုးဦးလေဦး ပညာသစ်နှစ်အစမှာတင် PDF အမည်ခံ အကြမ်းဖက်သမားတွေက ဆရာမ နှစ်ဦးနဲ့ ပြည်သူတစ်ဦးကို သတ်ဖြတ်ခဲ့ကြပါတယ်။ အကြောင်းကတော့ ကျောင်းဖွင့်ခြင်း၊ စာသင်ခြင်းကြောင့်ပါတဲ့။ ဖြစ်စဉ်က နတ်မောက်မြို့နယ်အတွင်းမှာ ဖြစ်ပွားခဲ့ပြီး နေအိမ်ကို လာရောက်ဖမ်းဆီးခေါ်ဆောင်ပြီး ပစ်ခတ်၊ ဓားနဲ့ ခုတ်သတ်ဖြတ်ပစ်ခဲ့တာပါ။ ထို့အတူ ဆရာ ဆရာမတွေ ဖမ်းဆီးခေါ်ဆောင်ခြင်းနဲ့ ကျောင်းသား ကျောင်းသူတွေကို ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းဖြစ်စဉ်တွေလည်း ဖြစ်ပွားခဲ့ပါတယ်။ စာရင်းတွေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်အထိ PDF တွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေကြောင့် အသက်ဆုံးရှုံးရသူ ပညာရေးဝန်ထမ်း ၈၀ အထိ ရှိခဲ့ပါတယ်။

ကျောင်းဖွင့်ချိန်ရောက်တိုင်း တိုင်းပြည်သစ္စာဖောက်အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ CRPH, NUG နဲ့ လက်ဝေခံ နောက်လိုက်နောက်ပါတစ်သိုက်ရော၊ တိုင်းပြည်မတည်ငြိမ်ချိန် တောကြောင်တွေလို ပေါ်လာတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေက ကျောင်းမတက်ဖို့နဲ့ ကျောင်းမဖွင့်နိုင်ဖို့နဲ့ နိုင်ငံ့ဝန်ထမ်းတွေ စိတ်ဓာတ်ယိမ်းယိုင်စေဖို့ နည်းအမျိုးမျိုးနဲ့ ကြေညာချက်တွေ ထုတ်ပြန်လေ့ရှိပါတယ်။ ဒီနှစ်မှာလည်း ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် နိုင်ငံနဲ့ ပြည်သူအကျိုးထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို တရားစွဲမယ်လို့ ကယောင်ကတမ်း ကြေညာခဲ့ပါသေးတယ်။ သူတို့တားမြစ်ခြိမ်းခြောက်မှုဟာ တရားဥပဒေစိုးမိုးမှုအားနည်းတဲ့ ပဋိပက္ခဖြစ်ပွားရာဒေသအချို့မှာသာ အနည်းငယ် သက်ရောက်မှုရှိပြီး တစ်နိုင်ငံလုံးက ကျောင်းတွေကတော့ အေးချမ်းစွာ ဖွင့်လှစ်သင်ကြားနေပါပြီ။

တိုင်းပြည်သစ္စာဖောက်တွေရဲ့ မှိုင်းမိခဲ့ရလို့ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ဘဝပျက်ခဲ့ရသူတွေ၊ ဝန်ထမ်းဘဝမှထွက်လို့ တစ်ဝမ်းတစ်ခါးအတွက် ဘဝသစ်ပြန်စကြရသူတွေ၊ အခြေခံပညာဆုံးခန်းမတိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးမှာ စိန်ခေါ်မှုတွေနဲ့ ကြုံနေရသူတွေ၊ လမ်းမှားကို လျှောက်ရင်း နောက်ပြန်လှည့်မရသူတွေကလည်း အဓိပ္ပာယ်မရှိတဲ့၊ လမ်းမှန်ကမ်းမှန်မဟုတ်တဲ့ ရောက်တတ်ရာရာ ကြေညာချက်တွေကို ရွံရှာမုန်းတီးလောက်ပြီထင်ပါတယ်။

မိမိတို့နိုင်ငံဟာ မြင်ရတဲ့ အကြမ်းဖက်သမားရန်အပြင် မမြင်ရတဲ့ရန်သူဖြစ်တဲ့ ကိုဗစ်ကပ်ရောဂါ၊ ရှောင်လွှဲလို့မရတဲ့ သဘာဝရေဘေးနဲ့ ငလျင်ဘေးတွေကိုလည်း ခါးစည်းခံခဲ့ရပါသေးတယ်။

စာမျက်နှာ ၉ သို့

# ဟသ်ာတမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၂၉

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းက ဟသ်ာတမြို့နယ်အတွင်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။**

ဦးစွာ ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု ဦးဖိုးကျားစာကြည့်တိုက်သို့ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသည့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားနှင့် ဦးသန့်တို့ကဲ့သို့ အထင်ကရပုဂ္ဂိုလ်များအား ဂုဏ်ပြုဖွင့်လှစ်ထားသည့် စာကြည့်တိုက်များရှိရာ စာကြည့်တိုက်များတွင် လူငယ်များအား စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများဖြင့် အနာဂတ်လူချွန်လူမွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းအတွင်း ခိုင်မာသည့် စာကြည့်တိုက်ပေါင်း ၃၄၀ ကျော် ဖွင့်လှစ်ဆောင်ရွက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီအားပေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် မှန်နန်းရာဇဝင် စာအုပ်များ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များအား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းသုံးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးလှမြိုင်နှင့် စာကြည့်တိုက်မှူး ဒေါ်နွဲ့နွဲ့မူတို့က လက်ခံရယူသည်။

ထို့နောက် ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာတွင် ကျင်းပသည့် မျိုးစေ့ချကိရိယာ(Drum Seeder)၊ မျိုးစေ့ထုတ်တောင်သူများသို့ မျိုးစပါး(R.S)မျိုးစေ့ပေးအပ်ပွဲနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းတစ်စုံကိုလည်းကောင်း ကျေးရွာများအလိုက်ပေးအပ်ကြပြီး မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု ဦးဖိုးကျားစာကြည့်တိုက်၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ အင်းမရွာဦးကျောင်းတိုက်တွင် ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဟသ်ာတမြို့နယ် ကုန်ကြီးအုပ်စု တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးမျိုးစေ့ခြံတွင် မိဘမျိုးစပါးကို ပင်ကြား၊ တန်းကြား ၁၀ လက်မ အတန်းလိုက်စိုက်နည်းစနစ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းမရွာဦးကျောင်းတိုက်တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာ ဂန္ထဝါစက ဘဒ္ဒန္တပဏ္ဍိတနှင့် ကျောင်းထိုင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဦးအာသဘတို့ထံ လှူဖွယ်ဝတ္ထုနှင့် MRTV DTH စလောင်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ဖောင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသော ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် မီးသတ်ဦးစီးဌာနက ကျင်းပသော ရေပြင်အသက်ကယ်ရာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားတို့ကို တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်အရ လွှင့်ထုတ်ရမည့် သတိပေးအချက်ပြအလံများကိုလည်းကောင်း၊ MRTV DTH စလောင်းသုံးစုံနှင့် DVB T2 Set Top Box အလုံး ၂၀၀ ကိုလည်းကောင်း ပေးအပ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများဖော်ဆောင်ရေး လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ရေဘေး၊ မြေပြိုဘေးတွေကြောင့် ပြိုလဲပျက်စီးသွားခဲ့ရတဲ့ စာသင်ကျောင်းတွေ အသစ်ပြုပြင်မွမ်းမံလို့မှ မဆုံးသေးခင်မှာပဲ တစ်ကမ္ဘာလုံးက အံ့အားသင့်ခဲ့ရတဲ့ ပြင်းထန်တဲ့မန္တလေးငလျင်ကြီးလည်း လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ဘေးကြောင့် ပြည်သူတွေ ထိခိုက်ဆုံးရှုံးမှုများစွာအနက် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာတွေ မီးသင့်ခဲ့ရတဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးအချို့မှာ ပြန်လည်ပြင်ဆင်လေ့ကျင့်မှုတွေကို နိုင်ငံတော်နဲ့ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုအချိန်မှာ ကျောင်းသား ကျောင်းသူတွေဟာ မြတ်သော ဆရာဆရာမတွေရဲ့ အနီးကပ်စခန်းသွင်း သင်ကြားပေးမှုကြောင့် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုခြင်းတွေကို ငလျင်ဘေးသင့်တဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ပြုလုပ်နိုင်ခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနရဲ့ ဇွန်လ ၄ ရက်အထိ သတင်းထုတ်ပြန်ချက်တွေအရ ယခုစတင်ဖွင့်လှစ်လိုက်တဲ့ အခြေခံပညာကျောင်းတွေရဲ့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ရဲ့ ကျောင်းတက်သူဦးရေက စုစုပေါင်း ၆၁ သိန်းကျော်ရှိတယ်လို့ သိရပါတယ်။ အတိအကျအားဖြင့် ၆၁၁၉၂၆၀ ရှိပါတယ်။ မနှစ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီမှာ အခြေခံပညာကျောင်းတွေကို တက်ရောက်သူဦးရေက ၆၄၁၄၇၉၉ ဦး တက်ရောက်ခဲ့တဲ့အတွက် မနှစ်က ကျောင်းတက်ရောက်မှုနှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ၄ ဒသမ ၆ ရာခိုင်နှုန်းလောက် လျော့နည်းသွားတာကို မြင်တွေ့ရပါတယ်။

မိမိတို့နိုင်ငံဟာ အသစ်အသစ်သော တိုးတက်မှုတွေကို ရရှိအောင် ကြိုးစားရုန်းကန်နေရတာနဲ့ အတူ သဘာဝတရား၊ လူသားတို့ရဲ့ ဖျက်ဆီးမှုတွေပါ ခါးစည်းခံနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ပညာရေးကဏ္ဍမှာ ကျောင်းတွေအဆင့်မြှင့်တင်တာ၊ သင်ရိုးစနစ်ပြင်ဆင်ရေးဆွဲတာ၊ စာသင်ကျောင်းတွေ တိုးချဲ့တည်ဆောက်တာ၊ အခမဲ့ပညာရေးအကောင်အထည်ဖော်တာတွေဟာ သဘာဝတရားကြောင့် ပျက်စီးယိုယွင်းရတာရှိသလို အသိဉာဏ်နည်းပါးတဲ့ လူမဆန်သူ အကြမ်းဖက်သမားတွေကြောင့်လည်း တည်ဆောက်ရင်း ပျက်စီးရင်း၊ ပြန်လည်ထူထောင်ရင်း ပြိုလဲရင်းဖြင့် အနာဂတ်ပန်းတိုင်ရည်မှန်းချက်သွားရာလမ်းက ကြမ်းတမ်းလွန်းလှပါတယ်။ အခုလို ကျောင်းအပ်ရာသီမှာ ယမန်နှစ်ကထက် ကျောင်းတက်သူဦးရေ လျော့ကျမှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်တို့ အားဖြည့်ရေးမှာ များစွာထိခိုက်နစ်နာမှုပဲ ဖြစ်ပါတယ်။

ဒီနှစ်မှာလည်း ယမန်နှစ်တွေလို ကလေးတွေကို ကျောင်းအပ်နှံတဲ့အခါ သင်ရိုးညွှန်းတမ်းစာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ စာရေးကိရိယာတွေ အခမဲ့ထုတ်ပေးတာကို မြင်တွေ့ရပြီး KG နဲ့ မူလတန်းကျောင်းသား ကျောင်းသူတွေကို ကျောင်းဝတ်စုံတွေလည်း အခမဲ့ပေးအပ်ခဲ့တာကို မြင်တွေ့ရပါတယ်။ ဒါ့အပြင် ကျောင်းစာသင်ခန်းတွေ စနစ်တကျ သက်သောင့်သက်သာရှိဖို့၊ ကျောင်းတွင်းသာယာလှပဖို့နဲ့ ဘေးအန္တရာယ်ကင်းရှင်းစွာပညာ သင်ကြားနိုင်ကြဖို့ တာဝန်ရှိသူတွေက အင်တိုက်အားတိုက်ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ကြားသိရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း အခြေခံပညာကျောင်းတွေမှာ ဆက်လက်ပြီး ကျောင်းအပ်လက်ခံပေးလျက်ရှိပါတယ်။

## ပြည်သူတစ်ရပ်လုံး ကလေးတွေ စာသင်ခန်းသို့ ပြန်လည်ဝင်ရောက်စေ

ဒါကြောင့် မိဘတွေအနေနဲ့လည်း မိမိတို့သားသမီးတွေကို စာသင်ကျောင်းကို ရောက်အောင်ပို့ဆောင်ပေးကြဖို့ လိုအပ်သလို ပြည်သူတစ်ရပ်လုံးကလည်း ကလေးတွေရဲ့ ပညာသင်ယူခွင့်ကို အလေးဂရုထားပြီး မိမိတို့ ရပ်ရွာဝန်းကျင်မှာရှိတဲ့ ကလေးတွေ စာသင်ခန်းသို့ ပြန်လည်ဝင်ရောက်ကြစေရေး ပူးပေါင်းဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်။ ထို့အတူ ကလေးတွေရဲ့ ပညာသင်ယူခွင့်ကို နှောင့်ယှက်ဟန့်တား၊ ဖျက်ဆီးအကျပ်ကိုင်နေကြတဲ့ ယုတ်မာသူလူတစ်စုကို ဝိုင်းဝန်းရှုတ်ချပေးဖို့ လိုအပ်သလို ကလေးတွေနဲ့ ဆရာ ဆရာမတွေကိုလည်း ပညာသင်ယူခွင့်၊ သင်ကြားခွင့်ရရှိစေဖို့ မိမိတတ်စွမ်းသမျှ ကူညီပေးကြဖို့ တိုက်တွန်းလိုပါတယ်။

အတိတ် မှန်သမျှ ပစ္စုပ္ပန်အတွက် သင်ခန်းစာကောင်းတွေပဲဖြစ်ပါတယ်။ မိမိတို့ ပြည်သူတွေအားလုံး ခါးသီးတဲ့ အခိုက်အတန့်တွေကို ကြုံခဲ့ကြရပေမယ့် မီးလျှံပြာပုံကြားက တောက်ပခြင်းတွေနဲ့ ပြန်လည်ရှင်သန်နိုးထနိုင်တဲ့ ဇာမဏီငှက်လို ပြန်လည်ရှင်သန် နိုးထကြဖို့ အချိန်ရောက်ရှိနေပါပြီ။ ပိုမိုကောင်းမွန်တဲ့ မြန်မာ့လူ့ဘောင်ကိုတည်ဆောက်ရာမှာ ပညာတတ်မြောက်ရေးဟာ အလိုအပ်ဆုံးသော အုတ်မြစ်ဖြစ်တာကြောင့် စာသင်ကျောင်းတွေ ခေါင်းလောင်းသံ မစဲစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းနဲ့အတူ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး၊ အနာဂတ်မျိုးဆက်သစ်တွေ အကျိုးကို ပျက်ပြားစေတဲ့ အကြမ်းဖက်သမားအားလုံးရဲ့ အကြမ်းဖက်လုပ်ရပ်မျိုးစုံကို နိုင်ငံတော်အစိုးရနဲ့အတူ ပြတ်ပြတ်သားသား တိုက်ဖျက်ချေမှုန်းကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

# သစ်တောသစ်ပင် ကမ္ဘာမြေကို အလှဆင်

သစ်တောမောင်



**ဘက်စုံအကျိုးစီးပွား သစ်တောသစ်ပင်များ**

သစ်တောသစ်ပင်များသည် ကမ္ဘာမြေနှင့် သက်ရှိလောကအတွက် အကျိုးကျေးဇူးမျိုးစုံ ပံ့ပိုးထောက်ပံ့လျက်ရှိသည်။ ငွေကြေးဖြင့် တန်ဖိုးဖြတ်နိုင်သော ဝယ်ယူရရှိနိုင်သော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသာမက ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ **“ဥတုရာသီ၊ တောကိုမှီ”** ဆိုသကဲ့သို့ သစ်ပင်သစ်တောများသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးပြီး မျှတစေရန် ပံ့ပိုးခြင်း၊ အစာချက်လုပ်ခြင်း (Photosynthesis) ဖြစ်စဉ်နှင့်အတူ သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးခြင်းဖြင့် **“သက်ရှိလောကတည်မြဲရေး”** အတွက် အရေးကြီးသော ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

သစ်တောများသည် မြေအောက်ရေကို ထိန်းသိမ်းပေးသကဲ့သို့ သဘာဝရေသန့်စက်ကြီးများသဖွယ် ရေသန့်စင်အောင် စစ်ထုတ်ပေးခြင်းဖြင့် ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို စစ်ထုတ်လျှော့ချပေးကာ လူနှင့် သက်ရှိများကို အကျိုးပြုလျက်ရှိသည်။ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် **“ရေကြည်ချမ်းမြ သစ်တောမှရ”** ဟု ဆိုခြင်းဖြစ်သည်။

သစ်တောသစ်ပင်များ၊ စားပင်သီးပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အရိပ်ရပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ကာ အပန်းဖြေနိုင်သကဲ့သို့ စိုက်ပျိုးသော သစ်မျိုးအပေါ် မူတည်ပြီး သစ်၊ တိုင်၊ မျော၊ ထင်းနှင့် ရာသီအလိုက် သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့်တို့ကို ရရှိနိုင်မည်ဖြစ်သည်။ ရာသီဥတု မျှတကောင်းမွန်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စားရေရိက္ခာဖူလုံဖို့ အထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။

သစ်ပင်သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှု၊ မြေတိုက်စားမှုများ အစရှိသည့် သဘာဝဘေးအန္တရာယ်များကို အကာအကွယ်ပေးနိုင်သည်။ မိုးသီးမိုးပေါက်များ မြေဆီလွှာသို့ တိုက်ရိုက်ထိတွေ့မှုမရှိစေရန် သစ်ပင်ရွက်အုပ်များကတစ်ဆင့် ကြားခံပေးထားသဖြင့် မြေဆီလွှာကို ကာကွယ်ပေးသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကို တဖြည်းဖြည်းချင်း လွှတ်ထုတ်သဖြင့် ရေကြီးရေလျှံမှုကို လျော့နည်းစေသည်။ သစ်မြစ်များက မြေစိုင်မြေခဲ မြေသားများကို ရစ်ပတ်တုတ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီတိုက်စားခြင်းကို ကာကွယ်ပေးသည်။ လေတိုက်မှုအရှိန်အဟုန်ကို လျှော့ချပေးခြင်းဖြင့် လေပြင်းမုန်တိုင်းဒဏ်မှ အကာအကွယ်ပေးနိုင်ပါသည်။

**“သစ်တောသစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ”** ဆိုသကဲ့သို့ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် အရိပ်အာဝါသကောင်းစေရုံသာမက ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထု လောင်စာစွမ်းအင်များရရှိနိုင်ပြီး မိသားစုတိုင်းအတွက် နေ့စဉ်လိုအပ်သော အစားအစာများ ချက်ပြုတ်မှုနှင့် စွမ်းအင်လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်ပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ထင်း၊ မီးသွေးလောင်စာများ ရရှိနိုင်သည့်အပြင် မြေဆီလွှာများ ပြန်လည်ကောင်းမွန်လာပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ကာ သဲကန္တာရဖြစ်ထွန်းမှုများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းက ထာဝရကုသိုလ်ပြုခြင်းလည်း မည်ပါသည်။ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း၊ အရိပ်ရအပင် စားသုံးပင် စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း၊ တံတားခင်းလမ်းဖောက်လှူဒါန်းခြင်း၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း၊ ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း၊ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နားနေရိပ်သာ ဆေးရုံဆေးခန်း စသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်းဟူသည့် ထာဝရကုသိုလ်ခြောက်ပါးရှိရာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ် တည်ဆောက်လှူဒါန်းသကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင် စိမ်းစိုသာယာပြီး အလှအပ မျက်စိပသာဒ ကောင်းမွန်စေသည်။ **“သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ၏”** ဆိုသည်နှင့်အညီ လမ်းဘေးဝဲယာ၊ ကျေးရွာမြို့ပြများတွင် အစိမ်းရောင်ဧရိယာ (Green Space)အဖြစ် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစိုအပင်များတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်း အရောင်မျိုးစုံပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာပြီး မျက်စိပသာဒဖြစ်စေသည်။ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ရရှိစေနိုင်ပြီး အရိပ်နှင့်အပန်းဖြေနားစရာများကို ရရှိနိုင်ပါသည်။ **“သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ”**၊ **“သစ်တောတွေစိမ်း၊ ရေမြေထိန်း ဖွံ့ဖြိုးကမ္ဘာ၊ လွန်ရှည်ကြာ”** ဟုလည်း ဆိုကြသည်။ သစ်ပင်စိုက်ပျိုးပြီး ကမ္ဘာမြေကို အလှဆင်နိုင်ပါသည်။ စစ်မှန်သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

**ကမ္ဘာလုံးဆိုင်ရာ သစ်တောထိန်းသိမ်းရေး ရည်မှန်းချက်များ**

ယနေ့အချိန်အခါသည် ကမ္ဘာနှင့်အဝန်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ အကျိုးဆက်များ၊ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြလျက်ရှိရာ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို သဘာဝအခြေခံ ဖြေရှင်းသည့် နည်းလမ်း (Nature-based Solutions)အဖြစ် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (UN Climate Summit 2014) တွင် နယူးယောက်သစ်တောများဆိုင်ရာ ကြေညာစာတမ်း (New York Declaration on Forests) ကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါကြေညာချက်၏ အဓိကရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုကို လုံးဝရပ်တန့်နိုင်ရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာ ဟက်တာ သန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေးဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂ ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021– 2030)ဟု ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ချက် (၇၄/ ၂၈၄)ဖြင့် ဆုံးဖြတ်၍ ဂေဟစနစ်အမျိုးမျိုးတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) (SDG 15)တွင်လည်း သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ကုန်းမြေဂေဟစနစ်များကို ကာကွယ်ရန်၊

*စာမျက်နှာ ၁၁ သို့*

**❂ သစ်ပင်များစိုက်ပျိုးရာတွင် လတ်တလော အခြေအနေသာမက ရေရှည်အတွက်လည်း ထည့်သွင်းစဉ်းစားကာ ရည်ရွယ်ချက်အလိုက် ဒေသနှင့်ကိုက်ညီသော အပင်မျိုးကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်နိုင်မည်ဖြစ်ကာ စိုက်ပင်များ ရှင်သန်အောင်မြင်မှု ကောင်းမည်ဖြစ်ပါသည်။ စိုက်ပင်များ ပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှုနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရေးအတွက် သစ်ပင်စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်**

# သံဖြူဇရပ်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေပြင်သက်ကယ် သရုပ်ပြလေ့ကျင့်



**သံဖြူဇရပ် ဇွန် ၂၉**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ ရေပြင်သက်ကယ် သရုပ်ပြလေ့ကျင့်ခြင်းနှင့် သဘာဝဘေးအသိပညာပေးခြင်းကို ဇွန် ၂၈ ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာအင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေး၊ မြို့နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသူရဦးတို့က မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်သည့် မုန်တိုင်းမဖြစ်မီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးအချိန်တို့တွင် ဆောင်ရွက်ရမည့်အရောင် အမှတ်အသားအလံများဖြင့် ရှင်းလင်းပြသခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့လာပါက ပြင်ဆင်ရန်လိုအပ်သည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ ဘေးအန္တရာယ်ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်တို့မှ မုန်တိုင်းဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ သရုပ်ပြခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ လူနာများအား ရှေးဦးပြုစုပြီး ဆေးရုံသို့ပို့ဆောင်၍ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

သစ်တောများကို ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်နှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရန် စသည်ဖြင့် ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

**မြန်မာ့သစ်တောထိန်းသိမ်းရေး ဆောင်ရွက်မှုများ**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့စေရေး၊ ဂေဟစနစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)နှင့် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁) ရည်မှန်းချက်များနှင့်အညီ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ကြိုးဝိုင်း ၈၂၆ ခု ဧရိယာ ၂၉၆၇၈၄၃၈ ဧက၊ ကြိုးပြင်ကာကွယ်တော ၄၉၈ ခု၊ ဧရိယာ ဧက ၁၃၆၇၄၁၁၀၊ စုစုပေါင်း ၄၃၃၅၂၅၄၈ ဧက နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၃ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ သဘာဝနယ်မြေ ၆၂ ခု၊ ဧရိယာ ဧက ၁၀ ဒသမ ၇၅ သန်း (၆ ဒသမ ၄၃ ရာခိုင်နှုန်း) ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် (မေလအထိ) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၆၁ ခု၊ စုစုပေါင်း ဧရိယာဧက ၆၆၁၁၈၆ ဧက၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၆ ခု၊ ဧရိယာဧက ၆၁၃၈၁၇ ဧကကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ ထိ) ရေးဆွဲ၍ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ နိုင်ငံပိုင်သစ်တောစိုက်ခင်း(စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း) ၁၉၀၆၈၅ ဧက၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၆၈၅၈၉ ဧကနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၇၁၅၅၇၇ ဧကတို့ကို တည်ထောင်စိုက်ပျိုးနိုင်ခဲ့သည်။

**အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ**

သစ်တောနယ်မြေများဖြစ်သည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် သစ်တောစိုက်ခင်းများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိသကဲ့သို့ သစ်တောနယ်မြေပြင်ပ (ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ပြင်ပ) နေရာများတွင်လည်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ အရိပ်အာဝါသရရှိရေးတို့အတွက် စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။

အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာနှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ မကွေး-ရေနံချောင်း- ချောက်- ဝွေးချို- ကျောက်ပန်းတောင်း- ညောင်ဦး - မိတ္ထီလာ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးခြင်း၊ အာဆီယံလမ်းမကြီးနှင့် ရထားလမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ မြစ်ချောင်းများ ဘေးဝဲယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များ စိုက်ပျိုးခြင်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ယခုနှစ် မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းအနေဖြင့် ရှမ်းပြည်နယ်၊ ဗထူးမြို့၊ ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဧက ၁၀၀၀၊ သစ်ပင်ပေါင်း ၂၀၀၀၀၀ နှင့် အင်းလေးကန် ရေဝေရေလဲဒေသ အောင်ပန်း၊ ကလောနှင့် ညောင်ရွှေမြို့နယ်များ တောင်ထိပ်၊ တောင်ကုန်းများတွင် သစ်ပင်၊ သစ်တောများ ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ဒေသခံများက စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်စဉ် ရတနာတန်းဝင်သစ်မျိုးများ၊ အရိပ်ရ ကြီးမြန်သစ်မျိုးများ၊ ဒေသမျိုးရင်းပျိုးပင်များ စသည်ဖြင့် ပျိုးပင် ၁၀ သန်းခန့်ကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျိုးထောင်ပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေး ပျိုးသက် နှစ်နှစ်ခန့်ရှိ အမြင့် နှစ်ပေအထက်ရှိသော ကျန်းမာကြံ့ခိုင်သော ပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပြည်သူလူထုသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါ အပင်များကို အများအားဖြင့် သစ်တောမြေပြင်ပတွင် စိုက်ပျိုးကြပြီး သစ်တောပြင်ပမှ သစ်ပင်များ (Trees Outside Forests-ToF) ဟု ခေါ်ဆိုနိုင်ပါသည်။

**တစ်ပင်စိုက် တစ်ပင်ရှင်သန်စေဖို့**

သစ်ပင်စိုက်ပျိုးခြင်းသည် မခက်ခဲသော်လည်း သတိမမူဘဲ အမှတ်တမဲ့ စိုက်ပျိုးသောအခါ ပျိုးပင်များ ပျက်စီးဆုံးရှုံးခြင်း၊ ပျိုးပင်အတွက် စိုက်ထုတ်ခဲ့ရသော အချိန်၊ ငွေ၊ လုပ်အားများ ဆုံးရှုံးခြင်းများရှိသဖြင့် ပျိုးအိတ်မှ မြေပြင်၌ သစ်ပင်ချစိုက်သောအခါ အောက်ဖော်ပြပါအချက်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် အပင်များရှင်သန်မှု ရာခိုင်နှုန်း ပိုမိုကောင်းမွန်စေမည်ဖြစ်ပါသည်-

- ❖ မြေဆီစိုချိန် အချိန်ကိုက် စနစ်တကျ သစ်ပင်စိုက်ပျိုးခြင်း၊
- ❖ စိုက်ပျိုးသည့်အခါတွင် ကျင်းအတွင်းသို့ ပျိုးပင်မြေလုံးမကွဲဘဲ ရောက်ရှိစေရန် ပျိုးအိတ်ကို သေချာစွာခွဲ၍ လက်နှစ်ဖက်ဖြင့် သေချာစွာ ဆုပ်ညှစ်ဆောင်ရွက်ခြင်း၊
- ❖ ပလတ်စတစ်အိတ်ကို သေချာစွာ ချွတ်ပြီး မြေလုံးမကွဲစေရန် ဂရုစိုက်ဆောင်ရွက်ခြင်း၊
- ❖ အသင့်တူးထားသော မြေကျင်းထဲသို့ ပလတ်စတစ်ချွတ်ထားသော ပျိုးပင်ကို မြေလုံးမကွဲစေဘဲ ကျင်းထဲသို့ ထည့်ခြင်း၊
- ❖ စိုက်ပျိုးထားသော အပင်များကို တည့်မတ်နေစေရန် လိုအပ်လျှင် ပန္နက်တိုင်နှင့် ချည်နှောင်ထားခြင်း၊
- ❖ စိုက်ပျိုးထားသော အပင်များကို လေဟာမနေစေရန် စိုက်ပင်ဘေးမှ ပြန်ဖို့သော မြေကို လက်နှစ်ဖက်ဖြင့် သေချာစွာ ဖိပေးခြင်း၊
- ❖ လေတိုက်သည့်ဒဏ် ခံနိုင်ရန် အပင်တည့်မတ်ရန် အပင်အမြင့်နှင့် လျော်ညီသော ထောက်တိုင်ထောက်ပေးခြင်း၊
- ❖ အပင်စိုက်ပျိုးပြီးလျှင် ပေါင်းသင်ခါးဆွခြင်း၊ လိုအပ်ပါက ရေလောင်းခြင်း၊ မီးကာကွယ်ခြင်း၊ လူ၊ ကျွဲ၊ နွား ၊ တိရစ္ဆာန်များ၏ ဖျက်ဆီးမှုမှ ကာကွယ်နိုင်စေရေး Tree Guard ပြုလုပ်ခြင်း၊ ခြံစည်းရိုးပြုလုပ်ခြင်း စသည့် ပြုစုစောင့်ရှောက်မှုများ ပုံမှန်ပြုလုပ်ခြင်း၊
- ❖ ရေဝပ်သည့်နေရာများတွင် အပင်ခြေရင်း၌ မြေများများစုပုံ (Mound)ပြုလုပ်ပြီး စိုက်ပျိုးခြင်း၊
- ❖ စိုက်ပျိုးမည့် မြေနေရာရှိ မြေမကောင်းမွန်ပါက အစားထိုးမြေဆွေး၊ နွားချေး၊ သဲများ စသည့် သွင်းအားစုများထည့်ပြီး စိုက်ပျိုးခြင်း၊
- ❖ မစိုက်ပျိုးခင် ပျိုးပင်ကြံ့ခိုင်အောင် Hardening Process (အမြစ်ဖြတ်၊ အပင်ချဲ၊ အရွယ်ညီစီ၊ အမိုးလှပ်၊ ရေဖြတ်ခြင်းများ) ဆောင်ရွက်ခြင်း၊
- ❖ သစ်မျိုး တစ်မျိုးတည်း ရွေးချယ်စိုက်ပျိုးခြင်းထက် နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအခြေအနေအလိုက် သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း၊

လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးရာတွင် အောက်ပါအချက်များကို ကြိုတင်ပြင်ဆင်လိုက်နာဆောင်ရွက်ခြင်းဖြင့် ရှင်သန်အောင်မြင်မှု ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်-

- ❑ လမ်းနယ်နိမိတ်အတွင်းနှင့် ဓာတ်တိုင်များအောက် စိုက်ပျိုးခြင်းမပြုဘဲ အဆိုပါနေရာများမှ လွတ်ကင်းသည့် နေရာတွင်သာ စိုက်ပျိုးခြင်း၊
- ❖ နေရာဒေသအပေါ်မူတည်ပြီး စိုက်ပျိုးမည့် ပျိုးပင်အရွယ်အစားနှင့် ကိုက်ညီသည့် သင့်လျော်သော ကျင်းအရွယ်အစားဥပမာ (၂ပေ x ၂ပေ x ၁ပေ )၊ (၃ပေ x ၃ပေ x ၁ပေ)၊ (၆ ပေ x ၃ ပေ x ၁ ပေ) အစရှိသည့် တူးပြီး စိုက်ပျိုးခြင်း၊ အဆိုပါကျင်းများအတွင်းသို့ ရောစပ်ထားသော မြေဆွေးများ ထည့်ပေးခြင်း၊
- ❖ လမ်းဘေးဝဲယာရှိ အပင်ကြီးများအောက်တွင် အပင်ငယ်များ စိုက်ပျိုးခြင်းကို ရှောင်ရှားခြင်း၊
- ❖ လမ်းဘေးဝဲယာရှိ သင့်တော်သည့် မြေကွက်လပ်များရှိပါက နေရာပေါ်မူတည်ပြီး အပင်တန်း သုံးတန်း၊ ငါးတန်း၊ ၁၀တန်း စသည်ဖြင့် Zigzag ပုံစံ (ဝက်ခေါင်းထိုးပုံစံ) ဖြင့် တစ်အုပ်တစ်မစိုက်ခင်း (Woodlot) အဖြစ် စိုက်ပျိုးခြင်း၊
- ❖ ရွေးချယ်စိုက်ပျိုးသည့် အပင်၏ နောင်တွင်ဖြစ်ပေါ်လာနိုင်သော ရွက်အုပ်အကျယ်အဝန်း အခြေအနေနှင့် လမ်းအမျိုးအစားအပေါ်မူတည်ပြီး ပန္နက်အကွာအဝေး၊ လိုင်းအကွာအဝေး ချိန်ဆစိုက်ပျိုးခြင်း၊

သစ်ပင်များစိုက်ပျိုးရာတွင် လတ်တလောအခြေအနေသာမက ရေရှည်အတွက်လည်း ထည့်သွင်းစဉ်းစားကာ ရည်ရွယ်ချက်အလိုက် ဒေသနှင့် ကိုက်ညီသော အပင်မျိုးကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်နိုင်မည်ဖြစ်ကာ စိုက်ပင်များ ရှင်သန်အောင်မြင်မှု ကောင်းမည်ဖြစ်ပါသည်။ စိုက်ပင်များ ပျက်စီးဆုံးရှုံးမှု၏ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှုနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရေးအတွက် သစ်ပင်စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**သစ်တောသစ်ပင် ကမ္ဘာမြေကိုအလှဆင်**

သစ်ပင်သစ်တောများသည် သဘာဝသယံဇာတသက်သက်သာမက နိုင်ငံ၏ ကြွယ်ဝမှု၊ နိုင်ငံ၏ ဂုဏ်သိက္ခာကြီးမြင့်မှု၊ နိုင်ငံ၏ သဘာဝတရားအပေါ် မြတ်နိုးတန်ဖိုးထားမှုကို ထင်ဟပ်စေသကဲ့သို့ စိမ်းလန်းစိုပြည်စွာ၊ အရောင်အသွေးစုံလင်စွာ၊ ပန်းပေါင်းစုံ သင်းရနံ့မွှေးပျံ့စွာဖြင့် ကမ္ဘာမြေကို အလှဆင်ပေးလျက်ရှိသည်။ သစ်ပင်သစ်တောများသည် ရောင်စုံပန်းပွင့်များဖြင့် အဆင်းလှပရုံ၊ မျက်စိပသာဒကြည့်ကောင်းရုံ သက်သက်သာမက ရာသီဥတုမျှတကောင်းမွန်ရေး၊ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ဆက်စပ်လုပ်ငန်းကဏ္ဍအသီးသီးကို ပံ့ပိုးပေးပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု၍ အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ကြောင့် ဘက်စုံအကျိုးကျေးဇူးများစွာ ပံ့ပိုးပေးသော သစ်ပင်သစ်တောများဖြင့် အိမ်ခြံဝင်းနှင့် ရပ်ကွက်ကျေးရွာများ၊ လမ်းများမှသည် မြို့ပြများအထိ၊ သစ်တောမြေများမှသည် သစ်တောမြေပြင်ပဧရိယာများအထိ စိမ်းလန်းမြေများ၊ သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေး၊ နိုင်ငံနှင့်အဝန်း သစ်ပင်သစ်တောအစွမ်းဖြင့် စိမ်းလန်းသာယာလှပစေရေး သစ်ပင်ပန်းမန်များကို အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် စိုက်ပျိုးကာ ကမ္ဘာမြေကို အလှဆင်ကြရမည်ဖြစ်ပါသည်။ ။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မြန်မာ့ဂီတနေ့အထိမ်းအမှတ်အခမ်းအနားတက်ရောက်

မော်လမြိုင် ဇွန် ၂၉

**မြန်မာ့ဂီတနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ နှင့်ဂီတအစည်းအရုံး (မွန်ပြည်နယ်) ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(မွန်ပြည်နယ်)ဥက္ကဋ္ဌထံ အသင်းဝင်ကတ်ပြားများကို ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဂီတနေ့ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်နှင့် မြန်မာ့ဂီတနေ့ ကျင်းပနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်(ဝဲပုံ)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ မင်းရွာကျေးရွာ၌ တည်ဆောက်လျက်ရှိသော တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာ၊ သမိုင်းအမွေအနှစ်နှင့် Landmark တို့ပါထည့်သွင်းစေရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် ဂုဏ်ပြုအထိမ်းအမှတ် လူငယ်ပဒေသာ အနုပညာဖျော်ဖြေရေးပွဲတော်ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် ဂုဏ်ပြုအထိမ်းအမှတ် လူငယ်ပဒေသာ အနုပညာဖျော်ဖြေရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်-တရုတ်ယဉ်ကျေးမှုစင်တာ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တရုတ် - မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအသင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ LEHUA INTERNATIONAL EDUCATION CENTER မှ ELECTRIC DRAM တီးခတ်၍ Remix တရုတ်သီချင်းဖြင့်လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ စံတော်ချိန်နှစ်ပါးသွားအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် အထိမ်းအမှတ်ပွဲသည် သမိုင်းရင်းမြစ်များကို သတိရစေသည့်အပြင် အနာဂတ်ကာလ၌ ပိုမိုကောင်းမွန်သည့်ဆက်ဆံရေးများ တိုးတက်လာစေရန်အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတစ်လျှောက်တွင် တရုတ်နိုင်ငံအနေဖြင့် မိတ်ဖက်အဖြစ် ထောက်ခံမှုများ ပြုလုပ်ပေးခဲ့ပြီး စီးပွားရေး၊ နည်းပညာ၊ ယဉ်ကျေးမှု၊ လူငယ်ချင်းဖလှယ်မှု အစရှိသည့် ကဏ္ဍများတွင် ဦးဆောင်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယဉ်ကျေးမှုကဏ္ဍတွင်လည်း နှစ်နိုင်ငံသဘောတူညီချက်အရ တရုတ် မြန်မာယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနုပညာဖျော်ဖြေပွဲများနှင့် လူငယ်ဖလှယ်ရေးအစီအစဉ်များသည် နှစ်နိုင်ငံတွင်ရှိကြသည့် နိုင်ငံသားအချင်းချင်း နားလည်မှုကို တိုးမြှင့်စေခဲ့ကြောင်း ပြောကြားသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ် လူငယ်ပဒေသာအနုပညာဖျော်ဖြေရေးပွဲတော်၌ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ Brain Works–Total School, Bowen School, Eastern Language and Business Centre (ELBC),Golden Education Sharing Centre (GESC), Lehua International Education Center, Myanmar International Education Center (MIEC) တို့မှ ကျောင်းသား ကျောင်းသူလေးများက ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တွံတေး ဇွန် ၂၉**

အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်များကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် ဗီနိုင်းချိတ်ဆွဲခြင်းကို ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးမှူး ဦးစံသိန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးလင်းတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တွံတေးမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက် ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၉

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မျိုးရင်ရင် သီလရှင်စာသင်တိုက်၊ သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိ သာသနိကအဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီစာသင်ဆောင်များနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ မဟာစေတီလှနှင့် လေးကျွန်းမြေအုဌ်ကျောင်း၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရားရှိ ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု သပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား (အင်းဝ)၌ တံတားအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် (၄) နှင့် (၅) တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျ စီမံခန့်ခွဲ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရားရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကိုယ်ကာယကြံ့ခိုင်မှု ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**ဘားအံ ဇွန် ၂၉**

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ်ကာယကြံ့ခိုင်မှု ကာယအလှမယ်ပြိုင်ပွဲကို ဇွန် ၂၇ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တေးသံရှင်များက အမျိုးသမီးရေးရာ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖွင့်လှစ်ပြီး ဘားအံမြို့ရှိ တက္ကသိုလ်ကျောင်းများနှင့် ရပ်ကွက်များမှ ကာယအလှမယ် ၂၃ ဦးတို့က ပဏာမရွေးချယ်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဘားအံမြို့ရှိ လှပျိုဖြူများက ကာယအလှမယ် သရုပ်ပြတင်ဆက်ခြင်း၊ ဝတ်စားဆင်ယင်မှုသရုပ်ပြတင်ဆက်ခြင်းနှင့် Miss Earth Myanmar 2016၊ Miss Grand (မြဝတီ 2024) နန်းခိုင်ရွှေဝါဝင်းက သရုပ်ပြတင်ဆက်ပြသခြင်းများပြုလုပ်ပြီး ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပဏာမရွေးချယ်ခံရသည့် အလှမယ် ၁၀ ဦးတို့က နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲကို ပါဝင်ကူညီအားဖြည့်ပေးသည့် အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အလှူရှင်များက လှူဒါန်းသည့် အလှူငွေများအား ကရင်ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။



ယင်းနောက် ကာယအလှမယ် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကာယအလှမယ်များအား ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက ကရင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီးက ဆုများ ပေးအပ်ချီးမြှင့်ပြီး နှစ်သိမ့်ဆုရရှိသည့်အလှမယ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အီတလီနိုင်ငံ မီလန်မြို့ လေကြောင်းထိန်းသိမ်းရေးစင်တာ နည်းပညာချွတ်ယွင်းမှုကြောင့် လေယာဉ်ခရီးစဉ် ၃၀၀ ကျော် ဆိုင်းငံ့




ရောမ ဇွန် ၂၉

အီတလီနိုင်ငံမီလန်မြို့လေကြောင်းထိန်းသိမ်းရေးစင်တာတွင် ဇွန် ၂၈ ရက် ညနေပိုင်းက သတင်းအချက်အလက် ပေးပို့မှုစနစ်ချွတ်ယွင်းမှုကြောင့် အီတလီနိုင်ငံအနောက်မြောက်ပိုင်းရှိ မြို့အများအပြားတွင် လေကြောင်းခရီးစဉ် ၃၀၀ ကျော်ကို ဆိုင်းငံ့ထားရကြောင်း အေအင်န်အက်စ်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် ဖြစ်ပေါ်ခဲ့ပြီး မီလန်၊ ဘာဂါမို၊ ဂျီနိုအာနှင့် တူရင်းမြို့များအပါအဝင် လေကြောင်းနယ်နိမိတ်သက်ရောက်နယ်မြေများအတွင်းရှိ လေဆိပ်များတွင် လေယာဉ်ပျံသန်းမှုများ ယာယီရပ်ဆိုင်းခြင်းသို့မဟုတ် လေယာဉ်ဆင်းသက်ခြင်း၊ ပျံတက်ခြင်းများကို ကန့်သတ်မှုများ လုပ်ဆောင်ခဲ့ရကြောင်းနှင့် နည်းပညာရှင်များက လေကြောင်းထိန်းသိမ်းရေးစနစ်ကို ပြန်လည်ပြုပြင်ရန် လုပ်ဆောင်နေဆဲဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

မီလန်ရှိလေကြောင်းထိန်းချုပ်ရေးစင်တာသည် အီတလီလေကြောင်းလမ်းညွှန်ဝန်ဆောင်မှုအဖွဲ့ (အီးအင်န်အေဗီ)က ဝန်ဆောင်မှုပေးနေသည့် ဒေသဆိုင်ရာ ထိန်းချုပ်ရေးစင်တာလေးခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အီရန်နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းလေပိုင်နက်ကို နိုင်ငံတကာ လေကြောင်းလိုင်းပျံသန်းမှုများအတွက် ပြန်ဖွင့်ပေး

တီဟီရန် ဇွန် ၂၉

အီရန်နိုင်ငံ အလယ်ပိုင်းနှင့်အနောက်ပိုင်းတို့တွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြတ်သန်းသွားလာနိုင်ရေး လေပိုင်နက်ကို ဇွန် ၂၈ ရက်တွင် ပြန်ဖွင့်ပေးခဲ့ကြောင်း လမ်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ကြေညာခဲ့သည်။

အီရန်နိုင်ငံ အရပ်ဘက်လေကြောင်းအဖွဲ့၏ ခွင့်ပြုချက်နှင့် သက်ဆိုင်ရာအာဏာပိုင်များ၏ ဘေးကင်းလုံခြုံရေး အကဲဖြတ်မှုများပြီးစီးပြီးနောက် ယခုလိုဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မာဂျစ်အက်ခ်ဟာဗန်က ပြောသည်။

အစောပိုင်းကလည်း ပြည်တွင်းပြည်ပလေကြောင်းလိုင်းများအတွက် နိုင်ငံအရှေ့ပိုင်းရှိ လေပိုင်နက်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အနောက်ပိုင်းတို့ရှိ လေဆိပ်များတွင်မူ မည်သည့်လေယာဉ်မှ ပျံတက်ခြင်း၊ ဆင်းသက်ခြင်းတို့ကို ခွင့်မပြုခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ ဘူတာရုံ ၁၀၀ ကို ပြန်လည်ပြုပြင်မည်

ကိုလံဘို ဇွန် ၂၉

သီရိလင်္ကာအစိုးရသည်နိုင်ငံတစ်ဝန်းရှိ မီးရထားဘူတာရုံပေါင်း ၁၀၀ ကို ပြန်လည်ပြုပြင်မည့် အိပ်မက်လမ်းစီမံကိန်းကို စတင်လိုက်ပြီဟု သမ္မတရုံးမီဒီယာဌာနခွဲက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတ အန်နူရာကူမာရာဒစ်ဆန်နာယာကီ တက်ရောက်သည့် ဇွန် ၂၇ ရက်က ပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် အဆိုပါစီမံကိန်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပရောဂျက်သည် ခရီးသည်များသက်သောင့်သက်သာဖြစ်စေရေးနှင့် ခရီးသည်များ၏ လုံခြုံစိတ်ချရရေးတို့အတွက် ရည်ရွယ်ပြီး သန့်ရှင်း၍စွဲဆောင်မှုရှိသော မီးရထားဘူတာရုံများ ဖန်တီးရန် ရည်ရွယ်သည်ဟု သမ္မတရုံးမီဒီယာဌာနခွဲက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် နိုင်ငံ၏ဂျီဒီပီ ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ ဆုံးရှုံးကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဘိုင်မယ်ရက်နေရာကီက ပြောသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အားကောင်းလာစေရန် အရေးတကြီးလိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ လာမည့်ဘတ်ဂျက်တွင် ရထားလမ်းသစ်များ ဖောက်လုပ်ရန် အဆိုပြုမည့်အစီအစဉ်ရှိပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အခြေခံအဆောက်အအုံများ တိုးတက်လာမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၃၈ ဦး သေဆုံးပြီး ၆၃ ဦး ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇွန် ၂၉

ပါကစ္စတန်နိုင်ငံတစ်ဝန်း မုတ်သုံရာသီစတင်ချိန် ဇွန် ၂၆ ရက်မှ စတင်၍ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၃၈ ဦးရှိပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ထုတ်ပြန်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၇၈ လုံး ပျက်စီးပြီး တိရစ္ဆာန်ကောင်ရေ ၃၀ လည်း ဆုံးရှုံးခဲ့ကြောင်း အဆိုပါအဖွဲ့၏ ဇွန် ၂၈ ရက်ညပိုင်းက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။




ပါကစ္စတန် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာပြည်နယ်တွင် အဆိုးရွားဆုံးဖြစ်ပြီး သေဆုံးသူ ၁၉ ဦး၊ ဒဏ်ရာရရှိသူ ၄၁ ဦးရှိကာ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် သေဆုံးသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ခြောက်ဦးရှိခဲ့ကြောင်း၊ သေဆုံးမှုဖြစ်စဉ်အများစုသည် အမိုးပြိုကျခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းတို့ကြောင့် အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ဆုံးရှုံးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

အင်န်ဒီအမ်အေ၏ အမျိုးသားအရေးပေါ်ကယ်ဆယ်ရေး ဗဟိုဌာနသည် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် နိုင်ငံအနှံ့ မိုးသက်လေပြင်းနှင့် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်နိုင်သဖြင့် မိုးလေဝသဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားသည်။

ဆင်ဟွာ



## ယခုလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂ ဦးရှိလာ

ဒါကာ ဇွန် ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန် ၂၈ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်ဦး ထပ်တိုးလာရာ ယခုလအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၂၂ ဦးရှိလာပြီဖြစ်သည်။ ယခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန် ၅ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူရှိလာခဲ့ပြီး ၎င်းမှာ ဒါကာမြို့တွင် နေထိုင်သူဖြစ်သည်။

ဇွန် ၂၈ ရက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ခုနစ်ဦးတွေ့ရှိခဲ့ပြီး နေ့စဉ်တွေ့ရှိမှုနှုန်းမှာ ၃ ဒသမ ၈၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုအသစ်များ များလာချိန် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းမှ ရှောင်ရှားရန် အစိုးရက တိုက်တွန်းထားသည်။ ရောဂါကူးစက်မှုကိုထိန်းချုပ်နိုင်ရေးအတွက် ဆိပ်ကမ်းများအားလုံးတွင် ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ရန် သက်ဆိုင်ရာဌာနများကို အာဏာပိုင်များက ညွှန်ကြားထားသည်။ ဆင်ဟွာ

## ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကျွန်းစုများတွင် ငလျင်အကြိမ်ရေ ၅၀၀ ကျော် လှုပ်ခတ်မှုဖြစ်ပွား


တိုကျို ဇွန် ၂၉

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင် တိုကာရာကျွန်းစုတွင် ငလျင်အကြိမ်ရေ ၅၀၀ ကျော် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဂျပန်တာဝန်ရှိသူများက အင်အားပြင်းထန်သည့် ငလျင်များ အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်လှုပ်ခတ်နိုင်ကြောင်း ပြောသည်။


ဇွန် ၂၁ ရက်မှစကာ ကိုဒါကာရာဂျီးမား ကျွန်းအနီးတစ်ဝိုက်တွင် ငလျင်လှုပ်ခတ်မှုများ ပိုမိုများပြားလာကြောင်း၊ အဆိုပါဒေသတွင် ဇွန် ၂၈ ရက် ညနေ ၅ နာရီအထိ အဆင့် ၇ ဆင့်ရှိ ဂျပန်ငလျင်ပြင်းအား စကေးအရ ပြင်းထန်မှုအဆင့် ၁ နှင့် ယင်းအထက်ရှိသည့် ငလျင်ပေါင်း ၅၂၅ ကျော် လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ၎င်းတို့အနက် ငလျင်လှုပ်ခတ်မှု ခြောက်ကြိမ်မှာ ပြင်းထန်မှု အဆင့် ၄ ရှိပြီး ၂၇ ကြိမ်မှာ ပြင်းထန်မှု အဆင့် ၃ ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ငလျင်လှုပ်ခတ်မှုအများဆုံး လှုပ်ခတ်ခဲ့မှုမှာ ဇွန် ၂၃ ရက်ကဖြစ်ပြီး ပြင်းထန်မှုအဆင့် ၁ နှင့် ယင်းအထက် ငလျင်လှုပ်ခတ်မှုပေါင်း ၁၈၃ သုံးကြိမ်ရှိသည်။ ယခင်က အဆိုပါဒေသတွင် ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုများရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ၁၅ ရက်အတွင်း ပြင်းထန်မှုအဆင့် ၁ နှင့် ယင်းအထက် ငလျင်လှုပ်ခတ်မှုပေါင်း ၃၄၆ ကြိမ်ရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ၂၆ ရက်အတွင်း ငလျင်လှုပ်ခတ်မှု ၃၀၈ ကြိမ်ရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၂၀၇ ဦးအား ပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

**လွှဲပြောင်းပေးအပ်**

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဇွန် ၂၄ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ တာလော့ဂိတ်၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**


နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ဇူလိုင် ၅ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးမည်


**နေပြည်တော် ဇွန် ၂၉**


ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




❍ *ကျောဖုံးမှ*

အဆင့် ၁ အမေရိကန်ဖိုက်တာ ဘရန်ဒန်ရွိုင်ဗယ်ကို အနိုင်ထိုးသတ်နိုင်ခဲ့သည်။ ယခုပွဲအနိုင်ရလိုက်သည့် ဂျိုရှုအာဗန်သည် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရတော့မည်ဖြစ်ပြီး မြန်မာဖိုက်တာအနေဖြင့် UFC တွင် ပထမဆုံး ချန်ပီယံခါးပတ်စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရခြင်းဖြစ်သည်။ UFC CEO က ယခုပွဲအနိုင်ရသူအား ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ပေးမည်ဟု ကတိပြုထားသလို ဂျိုရှုအာဗန်နှင့် ဘရန်ဒန်ပွဲအပြီး နောက်ပွဲထိုးသတ်သည့် ဖလိုင်းဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် ချန်ပီယံဆုဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည့် ဘရာဇီးဖိုက်တာ ပန်ဂျာတိုကို နောက်ပွဲတွင် ဂျိုရှုအာဗန်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း စင်မြင့်ပေါ်တွင် ကြေညာခဲ့သဖြင့် ဂျိုရှုအာဗန်သည် ချန်ပီယံခါးပတ်စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရမည်ဖြစ်သည်။ ထို့ပြင် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဂျိုရှုအာဗန်နှင့် ဘရန်ဒန်ပွဲကို Fight of the Night အဖြစ် ရွေးချယ်ခံရသဖြင့် နှစ်ဦးစလုံး ဒေါ်လာ ငါးသောင်းစီ ထပ်မံရရှိခဲ့သည်။

ဂျိုရှုအာဗန်သည် အမေရိကန်ဖိုက်တာ ဘရန်ဒန်ရွိုင်ဗယ်ကို အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် ဂျိုရှုအာဗန်က လက်ရည်ပိုကောင်းခဲ့ပြီး ဘရန်ဒန်ရွိုင်ဗယ်ကို အထိနာအောင်ထိုးနိုင်ခဲ့သည်။ ဒုတိယအချီတွင် ပြိုင်ဘက်က လက်ရည်ပိုသာသော်လည်း တတိယအချီတွင်မှ ဂျိုရှုအာဗန်က တစ်ကျော့ပြန်လက်ရည်ပြန်သာခဲ့သည်။ ဂျိုရှုအာဗန်သည် တတိယအချီပြီးခါနီးတွင် ပွဲသိမ်းနိုင်သည့်အခြေအနေရှိခဲ့ပြီး ညာလက်သီးကြောင့် ဘရန်ဒန် ကြမ်းပြင်ပေါ်လဲကျသွားပြီး ဆက်တိုက်ဖိထိုးသော်လည်း အချိန်ပြည့်သွားသဖြင့် ပွဲမသိမ်းနိုင်ဘဲ အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ၂၁ ရက်အကြာတွင် နောက်တစ်ပွဲထိုးသတ်ရသဖြင့် ပရိသတ်များ စိုးရိမ်စိတ်ရှိခဲ့သော်လည်း ဂျိုရှုအာဗန်က ပထမအချီကတည်းက အကောင်းဆုံးလက်စွမ်းဖြင့် ပွဲထွက်နိုင်ခဲ့သည်။ ဂျိုရှုအာဗန်သည် UFC တွင် နောက်ဆုံးငါးပွဲဆက်နှင့် ရှစ်ပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-UFC**

# ညောင်လေးပင်မြို့၌ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ညောင်လေးပင် ဇွန် ၂၉**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟိုအလုပ်အမှုဆောင်) မြို့နယ်စာရေးဆရာအသင်း(နာယက)ဆရာဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းတို့က အမှာစကား ပြောကြားပြီး စာရေးဆရာအသင်း အတွင်းရေးမှူးက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား သဲတစ်ပွင့် ပရဟိတလူငယ်များ၏ ကူညီပံ့ပိုးမှုဖြင့် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်း၊ နှစ်သိမ့်ဆု ခြောက်ဆုအတွက် ငွေကျပ် သုံးသိန်းနှင့် ညောင်လေးပင်မြို့နယ် ရွှေနန်းတော်ဝင် (ရွှေဆိုင်)ဦးစိုးဝင်းက ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဒိုက်ဦးမြို့နယ် စာရေးဆရာအဖွဲ့ဝင်များက စာဖတ်သူအကြိုက် ကဗျာစာအုပ်များကို ဆုရကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

**စွမ်းထက်(ညောင်လေးပင်)**

# မြစ်သားမြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်သား ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မျိုးကောင်း မျိုးသန့်သုံးစွဲနိုင်ရေး၊ မြေဆီသြဇာထက်သန်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ၂၀၂၅ -၂၀၂၆ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။



ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦးက မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေ၊ မျိုး၊ ပိုးဖြစ်သည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးများ၏ အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ယခုလိုပညာပေးဆွေးနွေးဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသီးနှံများ တစ်ကေပန်းတိုင်အထွက်နှုန်း တိုးတက်လာစေမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# စစ်တွေမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၉**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေသည် ယမန်နေ့က စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းကို ကွန်ကရစ်ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မည့် လမ်းပိုင်းကို သွားရောက်ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမြင့်ဟန်နှင့် စစ်တွေခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သာနို့အေးတို့က မြေပြင်အခြေအနေကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)၊ ဦးထွန်းလှဝေက လိုအပ်သည်များ မှာကြားသည်။



စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းအား ကွန်ကရစ်ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မည့်လမ်းပိုင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မူဆယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မူဆယ် ဇွန် ၂၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဟိုမွန်ရပ်ကွက် လွယ်တိန်ခမ်းဘုရားတောင်ပေါ်ရှိ ဘိုးဘွားရိပ်သာအနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင် ၇၀၊ ထင်းရှူးပင် ၁၀၀၊ ခါတော်မီပင် ၁၀၀၊ ခရေပင် ၅၀၊ မဲဇလီပင် ၅၀၊ ယူကလစ်ပင် ၃၀၊ မန်ကျည်းပင် ၁၀၀ စုစုပေါင်းအပင် ၅၀၀ ကို မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ/ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ချယ်ရီမြေ(မူဆယ်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**



# ဖျာပုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖျာပုံ ဇွန် ၂၉**
ဖျာပုံမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ၊ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းတို့ ဦးဆောင်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျုံကူကျေးရွာသူ ကျေးရွာသားများက ပျဉ်းကတိုး ၅၀၊ မာလာလူးကား ၅၀၊ ခရေ ၅၀ ၊ မန်ကျည်းရှား ၃၀၀၊ စိန်ပန်းကြီး ၇၀၊ ဗာဒံ ၁၁ ပင် စုစုပေါင်းပျိုးပင် ၅၃၁ ပင်အား စနစ်တကျ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



# သာယာဝတီ၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**သာယာဝတီ ဇွန် ၂၉**
ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို သာယာဝတီမြို့နယ် သုံးဆယ်မြို့ အထက (သုံးဆယ်)၌ ဇွန် ၂၆ ရက်က ကျင်းပသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးပြုစုခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပြုခြင်းတို့ ဆောင်ရွက်သည်။

အခမ်းအနားသို့ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ**

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီသြဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ပန်းတနော်မြို့နယ်၌ မြန်မာ့သနပ်ခါးတန်ဖိုးထား အသိပညာပေးဟောပြော



**ပန်းတနော် ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့သနပ်ခါးတန်ဖိုးထား အသိပညာပေး ဟောပြောပွဲနှင့် ကမ်ပိန်းလှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကို ဇွန် ၂၇ ရက်က လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်က သနပ်ခါး၏ အသုံးဝင် တန်ဖိုးကြီးပုံများ၊ သနပ်ခါးကို ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်း လက်ဆင့်ကမ်းလာကြသည့် အကြောင်းအရာများ၊ သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ကြပုံများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားလာစေရန် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ဆွေးနွေးပြီး သနပ်ခါး၏ ဆေးဖက်ဝင်ပုံများကို ဆွေးနွေးဟောပြောသည်။ ထို့အပြင် မြန်မာအမျိုးသမီးနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ကိုလည်း ကျင်းပသည်။

**မြို့နယ်(ပြန်/ဆက်)**

## သန်လျင်ပြည်သူ့ဆေးရုံကြီး နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၉**

သန်လျင်ပြည်သူ့ဆေးရုံကြီး နှစ်ပတ်လည်အထိမ်းအမှတ် Hospital Family Day ၂၀၂၅ အခမ်းအနားကို ဇွန် ၂၇ ရက်က သန်လျင်ပြည်သူ့




ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက ဆေးရုံ၏သမိုင်းကြောင်းနှင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Infection Prevention Control ဆု၊ စံပြအထွေထွေဝန်ထမ်းဆု၊ တာဝန်ကျေအထွေထွေဝန်ထမ်းဆုများကို ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ သန်လျင်ပြည်သူ့ဆေးရုံ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဆေးရုံတွင်တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ဆေးရုံအုပ်ကြီးက အာဟာရများ မျှဝေပေးသည်။

**သန်းဝင်း(သန်လျင်)**

## မြောင်းမြမြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

**မြောင်းမြ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား) သင်တန်း (၁/၂၀၂၅) ကို ဇွန် ၂၇ ရက်က ပါရာဒိုက် (ပရဟိတဂေဟာ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် ပါရာဒိုက် (ပရဟိတဂေဟာ)မှ ကျောင်းသား ကျောင်းသူ ၃၀ တို့အား သင်တန်းနည်းပြ ၁၀ ဦးတို့က ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ငါးသိုင်းချောင်းမြို့၌ ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်



**ငါးသိုင်းချောင်း ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျင်းပသော ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ဇွန် ၂၇ ရက်က ငါးသိုင်းချောင်းမြို့ ငဝန်တာ-တာမိုင် ၄၆/၀ (ဗောဓိကုန်း ရေကင်းစခန်းအနီး) ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ကျုံပျော်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## မြို့နယ်အသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးအခမ်းအနားကို ဇွန် ၂၇ ရက်က တောရကျောင်းတိုက်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဦးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများက ကျွန်းပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**အင်္ဂပူ**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ကျောင်းကွင်းကျေးရွာအုပ်စုရှိ ဖားအောက်တောရဝင်းအတွင်း ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာငွေနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျွန်း ၇၅ ပင်၊ ပျဉ်းကတိုး ၂၀၀၊ ကံ့ကော် ၇၅ ပင်၊ ခရေ ၇၅ ပင်၊ မန်ကျည်းရှား ၇၅ ပင် စုစုပေါင်း ပျိုးပင် ၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကော့မှူး**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာ ကုန်ထုတ်လမ်းတစ်လျှောက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး ပျိုးပင်များကို တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထွန်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပျိုးပင်များ ပေးအပ်ပြီး မန်ကျည်းရှားပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

**ကျော်သူရ(ကော့မှူး)**



### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## မင်းဘူး(စကု)မြို့နယ်၌ အစားထိုးသီးနှံများ အချိန်မီစိုက်ပျိုး၍ သီးထပ်သီးနှံများစိုက်ပျိုးနိုင်စေရန် တောင်သူပညာပေးဆွေးနွေး

**မင်းဘူး ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း စိုက်ပျိုးစွမ်းအား မြင့်တင်ရေးနှင့် မေလအတွင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများအပေါ် ဒေသခံတောင်သူများ၏ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် အစားထိုးသီးနှံများ အချိန်မီစိုက်ပျိုး၍ သီးထပ်သီးနှံများ စိုက်ပျိုးနိုင်စေရန် တောင်သူပညာပေးဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ရေပုတ်ကျေးရွာဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်သက်မြင့်က သဘာဝဘေးအရ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းများ၊ ဆီထွက်သီးနှံဖြစ်သော(နှမ်းသီးနှံ)တွင် နှမ်းဖိုနံ့ရောဂါ၊ နှမ်းရိုးမဲရောဂါ အစရှိသော ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ၊ အဓိကသီးနှံများတွင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များတွင် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ ခရိုင်မျိုးစေ့တာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံများက မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်ရရှိရေးအတွက် သီးထပ်တိုးတက်စိုက်ပျိုးရေး၊ ရေမြေ အခြေခံကောင်းသော စိုက်ဧရိယာများတွင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် သီးနှံအထွက်နှုန်း ပိုမိုရရှိသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံတောင်သူများ၏ သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဝန်ထမ်းပေါင်းစုံနှင့်GEC(ပညာရေး) ငွေစုငွေချေး သမဝါယမအသင်းတို့၏ အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မိုင်းရှူး ဇွန် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်ဝန်ထမ်းပေါင်းစုံနှင့် GEC(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းတို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် GEC(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးတင်ဇော်ထူးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝတ်ရည်နှင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ထမ်းပေါင်းစုံအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စိန်ငွေနှင့် GEC(ပညာရေး)အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်မြမြလွင်တို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားသည်။ ယင်းနောက်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေအများဆုံးရှိသော အသင်းသားများနှင့် စုဆောင်းငွေကျပ် ၁၆၂၇ သိန်းပေါ် အတိုးနှင့် အစုပေါ်အမြတ်ငွေကို တာဝန်ရှိသူများက အသင်းသား ၃၆၈ ဦးထံ ပေးအပ်သည်။အဆိုပါ အစည်းအဝေးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းသား အသင်းသူများ တက်ရောက်ကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**



## လွိုင်လင်မြို့နယ် နောင်လိုင့်ကျေးရွာ၌ VDPစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**လွိုင်လင် ဇွန် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက်တွင် တာဝန်ရှိသူများက နောင်လိုင့်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး



ဦးသန်းနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော နောင်လိုင့်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

နောင်လိုင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ပင်းတယမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ပင်းတယ ဇွန် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သွင်းအားစု၊ ငွေကြေး၊ ဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော စံပြကျေးရွာများဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက်က ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက မြင်းမူးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ ကော်မတီဝင်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြင်းမူးကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

**၂၂၂**



## ကဝမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကဝ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီကာလတွင် ရှမ်းကန် သပြုလမ်းမကြီးဘေး၌ Integrated Coastal Management Programme (ICM) ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ် သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး သစ်တောပြုန်းတီးမှုများမရှိစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းတို့က သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများထံ ပျိုးပင်များပေးအပ်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ ကဝမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသအပူချိန် လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် ကံ့ကော်ပင်၊ ခရေပင်၊ စိန်ပန်းနီပင်၊ စိန်ပန်းဝါ၊ စိန်ပန်းပြာ၊ ပျဉ်းမပင်၊ မဟော်ဂနီပင်၊ ငုရွှေဝါပင်၊ မယ်ဇယ်ပင်နှင့် အာဆီယံ သပြေပင် စုစုပေါင်းပျိုးပင် ၆၂၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက သစ်ပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ ပညာရေးကော်မတီကဦးစီး၍ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။



ဦးစွာ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး အသိပညာကြွယ်ဝမှုနှင့်ပတ်သက်၍ ယှဉ်ပြိုင်ပွဲ ပြုလုပ်ခြင်း၊ (တစ်ဦးချင်း/အုပ်စုလိုက်) ဉာဏ်စမ်းပဟေဠိများကို လူငယ်များက ဖြေဆိုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်းကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆက်လက်ထိုးနှံပေး

**မက်မန်း ဇွန် ၂၉**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးသူရအောင် ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံပေးခြင်းနှင့် ထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီက မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်းကျေးရွာ ဘက်စုံသုံးခန်းမ၌ Pfizer JN.1 ကာကွယ်ဆေး ထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အေဇက်ထွန်း(မက်မန်း)**



## တာချီလိတ်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တာချီလိတ် ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် နားယောင်းကျေးရွာအုပ်စုရှိ အောင်ဝန်းနေကုမ္ပဏီ (SETCL-20) လုပ်ကွက် ပုံချက်ကွင်းဟောင်းပေါ်နှင့် လွယ်ခမ်းလုံကုမ္ပဏီ (SETCL- 40,10,11)၊ လင်းလျှံထက်ကုမ္ပဏီ (SETCL-12) လုပ်ကွက်ရှိ စွန့်ပစ်မြေစာပုံများပေါ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများအား ပျိုးပင်များလွှဲပြောင်းပေးအပ်ပြီး ယခုနှစ်မိုးရာသီအတွင်း ကုမ္ပဏီလုပ်ကွက်များမှ ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီတာဝန်ရှိသူများ၊ ရှမ်း၊ အာခါ၊ လားဟူတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက အောင်ဝန်းနေကုမ္ပဏီ၏ ပုံချက်ကွင်းဟောင်း ၁ ဒသမ ၆ ဧကပေါ်တွင် မန်ဂျန်ရှားပင် ၁၂၀၀ နှင့် မဲဇလီ ၇၃၆ ပင်ကိုလည်းကောင်း၊ လွယ်ခမ်းလုံကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံ နှစ်ဧကပေါ်တွင် မန်ဂျန်ရှားပင် ၁၄၀၀ နှင့် မဲဇလီပင် ၁၀၂၀ ကိုလည်းကောင်း၊ လင်းလျှံထက်ကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံ ခြောက်ဧကပေါ်တွင် မန်ဂျန်ရှားပင် ၅၀၀၀ နှင့် မဲဇလီပင် ၂၂၆၀ ကိုလည်းကောင်း စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

## ဘက်ရဲမြို့ ကိုအင်းကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**ကြံခင်း ဇွန် ၂၉**

ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုအင်းကျေးရွာရှိ ကွင်းအမှတ် ၁၅၄ ကုန်ထုတ်လမ်းဘေး ဝဲယာတွင် ယနေ့ နံနက် ၈ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကိုအင်းကျေးရွာတို့ ပူးပေါင်းပြီး မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်မင်းဦး၊ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ သစ်တောဦးစီးဌာန ဘက်ရဲဘိနယ်တာဝန်ခံ တောအုပ်ကြီး ဦးလှဝင်းတို့က ဘက်ရဲမြို့ရှိ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများကို ပျိုးပင်များ ပေးအပ်ပြီး ကိုအင်းကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာ၌ ကျွန်းပင် ၁၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ဖြိုးဝေလင်း(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**လေးမျက်နှာ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လေးမျက်နှာ-ငါးသိုင်းချောင်းကားလမ်းဘေး မိုင်တိုင်(၅/၆)မှ မိုင်တိုင်(၅/၇)အထိ သစ်ပင်များ စိုက်ပျိုးခြင်းကို ဇွန် ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရစိုးနှင့် တာဝန်ရှိသူတို့က အမျိုးသမီးရေးရာအဖွဲ့နှင့် တာဝန်ရှိသူများကို ပျိုးပင်များပေးအပ်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရစိုးနှင့် တာဝန်ရှိသူများက မန်ဂျန်ရှားပင် ၁၀၀၊ မဟော်ဂနီပင် ၅၀၊ ငုရွှေဝါ ၂၅ ပင်၊ ခရေ ၂၅ ပင်၊ ဗာဒံပင် ၃၀ ကို စနစ်တကျ စိုက်ပျိုးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ အထွက်နှုန်းကောင်း၊ ဈေးကွက်ဝင် စပါးမျိုးသစ်(အောင်နိုင်တိုး) နွေစပါးစံကွက်ရိတ်သိမ်း

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၌ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် စပါးသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးခဲ့သည့် အလားအလာကောင်း၊ အထွက်နှုန်းကောင်း၊ ဈေးကွက်ဝင်စပါးမျိုးသစ် (အောင်နိုင်တိုး) နွေစပါးမျိုးသစ်ကို ယမန်နေ့က စံကွက်ရိတ်သိမ်းပွဲပြုလုပ်ရာ ကျောက်ဆည်ခရိုင်/မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ တောင်သူများ လာရောက်လေ့လာကြသည်။

စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဦးတင့်လွင်က အောင်နိုင်တိုးစပါးမျိုးသစ်ရရှိရေး သုတေသနအဆင့်ဆင့် ပြုလုပ်ထားရှိမှုများအကြောင်းနှင့် အရည်အချင်းလက္ခဏာများ၊ စပါးမျိုးဝယ်ယူနိုင်သည့်နေရာများ၊ သုတေသနခြံ၌ လက်တွေ့စိုက်ပျိုးထားရှိသော စပါးမျိုးများနှင့် စိုက်နည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားရာ တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါစံကွက်၌တစ်ဧကအထွက်နှုန်းမှာ စပါးအစို တင်း ၁၆၀ ထွက်ရှိကြောင်း၊ ကျောက်ဆည်ခရိုင်တွင် မနောသုခ၊ ရွှေမနော်၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ GW-11နှင့်GW-18 စပါးမျိုးများ အဓိကထား စိုက်ပျိုး ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်း၊ ဆွမ်းဆန်စိမ်းလောင်းလှူ

**မုံရွာ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်ကြီး ခြောက်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက် ခြောက်ကျောင်းမှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်များနှင့် ဆန်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများသည် ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲနှင့် ဝတ္ထုငွေများလောင်းလှူကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် ဝတ္ထုငွေများ လောင်းလှူကြသည်။

**လစဉ်လောင်းလှူသွားမည်**

မုံရွာမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းနှင့် ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးပြီး လစဉ်လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်/ဆက်)



# လယ်ဝေးမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း က လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်တို့သည် အေလာ၊ ရွာသစ်ကျေးရွာ ကွင်းအမှတ် ၁၇၃၅ တောင်သူဦးသန်းဝင်း၏ အေလာကန်ရေသောက် လယ်မြေ ၆ ဧကတွင် အောင်နိုင်တိုးမျိုးစပါး ဆီဒါမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးကာ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကိုယ်တိုင် သဘာဝမြေသြဇာများကို ပြုလုပ်သုံးစွဲနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာများကို ပူးပေါင်းလိုက်နာ ဆောင်ရွက်ရေး မှာကြားဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် လောကတိဏ္ဏာဘုရား၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပျိုးချိစက်မှု စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် ဝေးလံသည့်ကျေးရွာများမှ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် နေပြည်တော်ကောင်စီနှင့် အများပြည်သူများလှူဒါန်းမှုဖြင့် ဆောက်လုပ်နေသော ပေ (၆၀x၂၄) အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေး၍ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ပြီး ကျောင်းသားများ နေထိုင်စားသောက်ရေးကို ရပ်ရွာနေပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် ရသေ့တောင်ကျေးရွာနေ ဒေါ်မေဘယ်ဖြိုး၏ ဘဲမွေးမြူရေးခြံတွင် ခြံလှောင်စနစ်ဖြင့် ဘဲကောင်ရေ ၈၀၀ မွေးမြူထားရှိမှုနှင့် တိုင်းရင်းကြက်မျိုးအား ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးကာ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ရသေ့တောင်ကျေးရွာ စီပင်ကွင်း ကွင်းအမှတ် ၁၇၆၉ တောင်သူဦးမြင့်ဆွေ၏ မိုးကြိုနှမ်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သော်မှော်ကုန်းကျေးရွာနေဦးကျော်စွာ၏ လင်းလက်စံအိမ် ဝက်မွေးမြူရေးခြံ၊ အစာအရောင်းဆိုင်နှင့် ဦးကျော်ခိုင်၏ ဝက်မွေးမြူရေးခြံတွင် မျိုးဝက်မနှင့် အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကာကွယ်ဆေးများထိုးနှံနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)




# ဝေါမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**ဝေါ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ မြို့နယ်အဆင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ပွဲကို ယနေ့နံနက်ပိုင်းက ဝေါမြို့နယ် ပြွန်စုကျေးရွာ (မိုးယွန်းကြီးဆည် ရေလွှဲပေါက်) တွင် သရုပ်ပြပွဲကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်း၊ ရေနစ်နေသူအား ဘောကွင်းပစ်၍ ကယ်ဆယ်ခြင်း၊ ရေနစ်နေသူအား အသက်ကယ်အင်္ကျီဝတ်၍ ကယ်ဆယ်ခြင်းနှင့် ရေဘေးသင့်လာပါက မိမိအိမ်တွင်းရှိ ပစ္စည်းများဖြစ်သည့် ရေသန့်ဘူးခွံများဖြင့် မိမိအသက်အား ကာကွယ်နည်းတို့ကို အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြသပေးသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဝေါမြို့ လူငယ်လူမှုကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၁၅၀ တို့ တက်ရောက်ခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

# သုံးခွမြို့နယ် မကျီးပင်ချောင်ကျေးရွာ၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**သုံးခွ ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မကျီးပင်ချောင်ကျေးရွာ အုပ်စု မကျီးပင်ချောင်ကျေးရွာ အမကတွင် ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ် ရရှိခြင်းကြောင့် ရရှိမည့်အခွင့်အရေး၊ အကျိုးကျေးဇူးများ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်း ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့သည်။



ထို့ပြင် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ လုပ်ငန်းများနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာ အချက်အလက် (Bio-metric) ကောက်ယူခြင်းလုပ်ငန်းကိုလည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

# တာချီလိတ်၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကျင်းပ

**တာချီလိတ် ဇွန် ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မိုင်းဟဲကျေးရွာအုပ်စု ပါလိုင်ကျေးရွာတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံသားစိစစ်ရေးကတ် ၉၂ ကတ်ကို ပြည်သူတစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား Biometric Data များ ကောက်ယူပေးခဲ့သည်။

သန်းဇော်(တာချီလိတ်)

# ဝေါမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ဝေါမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ကွင်းဆက်ကျူးလွန်သူများ ဆက်လက်ဖော်ထုတ်**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် နံနက် ၅ နာရီတွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မှ ထားဝယ်သို့ ဟိန်းလတ်မောင်းနှင်ပြီး နေလင်းထိုက်(ခ)မဲကြီးနှင့် ကောင်းစုညီ(ခ)စည်သူတို့ လိုက်ပါလာသော NISSAN ခြောက်ဘီး မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ) ဖမ်းဆီး ရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှတစ်ဆင့် ထားဝယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ သုံးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၉

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ဇွန် ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရွှေဘိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၁၄၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၂၅၁၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၁၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟသာၤရပ်ကွက် ရွာမလမ်း အမှတ်(၃)ရှိ ဂိုဒေါင်တစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၀၃၆၃၄၄) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thin Zarnwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၆)ရပ်ကွက်နေ သဉ္ဇာနွယ်အား မွန်းလွဲ ၁၂ နာရီခွဲတွင် မြင်းခြံမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ် ရွှေပြည်သာတံတားအဆင်း၌ သုံးဘီးဆိုင်ကယ်အား မော်တော်ယာဉ်တစ်စီးမှ ဝင်ရောက်တိုက်မိ၍ တစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားပေါ်၌ ဇွန် ၂၇ ရက်က မော်တော်ယာဉ်မှအရှိန်မထိန်းနိုင်ဘဲ ၎င်းအရှေ့မှ မောင်းနှင်နေသည့် သုံးဘီးဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် သုံးဘီးယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးသေဆုံးကာ ကလေးတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် ည ၉ နာရီအချိန်တွင် အင်းစိန်မြို့နယ် ရွှေပြည်သာတံတားအဆင်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ် ငါးအောက်ချောင်ကျေးရွာနေ ဇော်မင်းထိုက် (၄၅) နှစ် မောင်းနှင်လာသည့် AYY-5 6A-xxxx HINO FD ခြောက်ဘီးကုန်တင်ယာဉ်သည် ရွှေပြည်သာဘက်မှ အင်းစိန်မြို့ဘက်သို့ မောင်းနှင်လာစဉ် ရွှေပြည်သာတံတားအဆင်း တည်းကုန်းဘူတာကားမှတ်တိုင်အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လားရာတူ ၎င်း၏အရှေ့မှ ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာနေ ဦးနေလင်းအောင် (၄၃)နှစ်မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဦးသန်းလှိုင် (၄၀)နှစ်၊ ဒေါ်ဆွေဇင်စိုး (၃၆)နှစ်၊ မောင်အောင်ခန့်မင်း (၁၅)နှစ်နှင့် မောင်ညီမင်းခန့် (၁၁)နှစ်တို့ လိုက်ပါလာသည့် သုံးဘီးဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးသန်းလှိုင်မှာ အခင်းဖြစ်နေရာ၌ ဒဏ်ရာများရရှိသေဆုံးခဲ့ပြီး ဦးနေလင်းအောင်ပါလေးဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဇော်မင်းထိုက်အား အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား

# ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား တိုက်မိ၍ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယမန်နေ့က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်အား ဝင်ရောက်တိုက်မိ၍ အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် ည ၉ နာရီအချိန်တွင် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉ မိုင်နှင့် ၂၉ မိုင် ၁ ဖာလုံအကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မင်္ဂလာဒုံမြို့နယ် ခလောက်ကွန်ဒိုင်းရပ်ကွက်နေ ကျော်စွာ (၂၄)နှစ် မောင်းနှင်ပြီး သစ်ဆိမ့်ကုန်းရပ်ကွက်နေ ကိုဖြိုးသူရ (၂၃)နှစ်နှင့် ရေကြည်အိုင်ရပ်ကွက်နေ ဦးထွန်းထွန်း (၄၄)နှစ်တို့ လိုက်ပါလာသည့် BGO-22 6M/xxxx NISSAN CARAVAN မော်တော်ယာဉ်သည် ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ မလေးရှားပိတောက်ပင်အား ဝင်ရောက်တိုက်မိရပ်တန့်သွားခဲ့ရာ ယာဉ်ပေါ်ပါ အမျိုးသားသုံးဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ကျော်စွာအား ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရဲပြန်ကြား


## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### နေ့စဉ်ကျန်းမာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -


ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။


ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade – 4 (Unit-2)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (2 marks)

| Example – 1. short | (1) True |
|---|---|
| 1. cat | (1) .............. |
| 2. cock | (2) .............. |
| 3. cow | (3) .............. |
| 4. dog | (4) .............. |
| 5. duck | (5) .............. |
| 6. goat | (6) .............. |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given in the box. (2 marks)

| children | tall | have | curly hair | has |
|---|---|---|---|---|

Phyu Phyu : How many ....... (1) ....... are there in the picture?
Thin Thin : There are two.
Phyu Phyu : Is the girl ....... (2) .......?
Thin Thin : No, she isn't. She is short.
Phyu Phyu : Does she ....... (3) ....... long hair?
Thin Thin : Yes, she does.
